ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့၊ (8-1-2004)(၄၁၀၉)

ပူဇာစ ပူဇနေယျာနံ တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

လက်ခံတွေ့ဆုံ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတာကလယ်နှင့် တိုင်းရင်းသားခေါင်းဆောင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် (အောက်ပုံ)နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (အောက်ဆုံးပုံ)

(သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၁၉၇၆၃၉



နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော် ရှေ့ဆက်သွားမည့် လမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံ မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်

ရန်ကုန် ဇန်နဝါရီ ၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတာကလယ်၊ အတွင်းရေးမှူး ဦးချစ်မောင်၊ ဗဟိုကော်မတီဝင် ဦးစိန်ဝင်းနောင်၊ တာဝန်ခံ (ဒေသဖွံ့ဖြိုးရေးလုပ်ငန်း) ဦးပီတာနှင့် ဒုတိယတာဝန်ခံ (ဆက်ဆံရေးနှင့်စီးပွားရေးရုံး) ဦးမောင်မောင်ဝင်းတို့အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော် ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့်နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေး၊ လမ်းတံတားလုပ်ငန်းများနှင့်စီးပွားရေးလုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၁-၂၀၀၄
(ကြာသပတေးနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြု လမ်းသစ်၊ တံတားသစ်များ တည်ဆောက်ဖောက်လုပ်

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် ခိုင်မာသည့် စီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်မှုအတွက် မရှိမဖြစ်သည့် လိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့လာခြင်းသည် ဒေသ၏ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရန် အထောက်အကူပြုလျက်ရှိသည်။ တစ်ချိန်တည်းတွင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး အခြေခံများလည်း အဘက်ဘက်က တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအလိုက် လိုအပ်ချက်များနှင့်အညီ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းသစ်များနှင့်အတူ တံတားသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သော စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် ကနီမြို့နယ်ရှိ ပုထိုးလုံးတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၃ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါတံတားဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပုထိုးလုံးတံတားသည် မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်တွင်တည်ရှိပြီး အရှည်ပေ ၄၅၀ရှိသည်။ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည်ကိုးပေအချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်းသိရသည်။

ထူးခြားချက်မှာ တံတားတွင် နိုင်ငံခြားဖြစ် သံပေါင်များအစား နိုင်ငံပိုင် ခေတ်မီသံမဏိစက်ရုံက တီထွင်ထုတ်လုပ်ထားသည့် ပြည်တွင်းဖြစ် အရှည်အသွေးမီ သံပေါင်များကို သုံးစွဲထားခြင်းဖြစ်သည်။ ပြည်တွင်းတွင် ထုတ်လုပ်သည့် တံတားသံပေါင်များကို မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များက ညှိနှိုင်းပေါင်းစပ် ဒီဇိုင်းရေးဆွဲပြီး ထုတ်လုပ်သုံးစွဲနိုင်ခြင်းဖြစ်၍ ယင်းကြိုးပမ်းအောင်မြင်မှုကို ဂုဏ်ယူမှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

ယခုဖွင့်လှစ်လိုက်သည့် ပုထိုးလုံးတံတားသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ဒေသများအတွက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုလာနိုင်မည်ဖြစ်သည်။ ထို့အပြင် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေး ပိုမိုဖွံ့ဖြိုးစေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခင်ကာလများက မုံရွာမြို့မှ ကလေးဝ၊ ကလေးမြို့တို့ကို သွားပါက မိုင် ၁၆၀ ခန့်ရှိသည့် မုံရွာ-ရေဦး-တန့်ဆည်-သက္ကယ်ကျင်း-ကလေးဝလမ်းအတိုင်း မဟာမြိုင်တောကြီးကို ဖြတ်သန်းသွားကြရသည်။ ယခုအခါ မုံရွာ-ယာကြီး-ကလေးဝလမ်းသစ်ကို ဖောက်လုပ်လိုက်သဖြင့် ရေဦးနှင့်သက္ကယ်ကျင်းတို့ကို ပတ်သွားရသည့် လမ်းထက် ၄၅မိုင်ခန့် ခရီးတိုတောင်း သက်သာသွားသည်။

ထို့ပြင် မုံရွာမှ ကလေးဝ-ကလေး-တမူးကိုဖြစ်စေ၊ ကလေး-ဟားခါး၊ ကလေး-တီးတိန်တို့ကိုဖြစ်စေ လွယ်ကူမြန်ဆန်စွာ သွားလာနိုင်ကြမည်ဖြစ်သည်။ မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်နှင့် ယခုဖွင့်လှစ်သည့် ပုထိုးလုံးတံတားသစ်များ တည်ဆောက်ဖောက်လုပ်နိုင်သည့်အတွက် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဖွံ့ဖြိုးရေး၊ ချင်းပြည်နယ်(မြောက်ပိုင်း)၏ တံခါးပေါက်ဖြစ်သည့် ကလေးဒေသနှင့် ဆက်သွယ်သွားလာရေး လွယ်ကူမှုကို များစွာအကျိုးပြုလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိသည့်ကာလတွင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုလမ်းသစ်၊ တံတားသစ်များကို ဆက်လက်တည်ဆောက်နိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ဒုတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ ဆုရစာရေးဆရာကြီးများနှင့် ပြိုင်ပွဲဝင်စာရေးဆရာများ၊ ဆရာဝန်တင်ရွှေ၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က စာပေဆုစိစစ်ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) က ဆရာဝန်တင်ရွှေ စာပေဆုပြိုင်ပွဲတွင် "ဥပမိရုပ်" စာအုပ်ဖြင့် ဆုရရှိသူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် "စနေသား၏ ဘဝတိုက်ပွဲများ" စာအုပ်ဖြင့် ဆုရရှိသူ ဦးတင်ဦး(နာဂတင်ဦး)တို့ကို ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ဆုရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်သူ စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်မြန်မာစာပါမောက္ခ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)က စာပေအကြောင်းရပ်ဆိုင်ရာများနှင့် ဒုတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတို့နှင့်စပ်လျဉ်း၍ ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် ဒုတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲတွင် ဆုရရှိခဲ့ကြသော ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးတင်ဦး(နာဂတင်ဦး)နှင့် ဆရာဝန်တင်ရွှေ မိသားစုကိုယ်စား ဇနီးဒေါ်အေးသန့် တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုချီးမြှင့်သွားမည်

ဆရာဝန်တင်ရွှေ စာပေဆုကို "မြန်မာစာပေတွင် နိုင်ငံသားတို့အတွက် အသိအမြင်၊ ဗဟုသုတ တိုးပွားစေသော စာအုပ်စာပေများ ပွားများရေးအတွက် အားပေးရန်၊ နှစ်စဉ်စာအုပ် စာမူတစ်မျိုးမျိုးကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ရွေးချယ်၍ ချီးမြှင့်ရန်၊ မြန်မာစာပေကို ဘက်စုံဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့်စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆုချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်းကူညီရန်" ရည်ရွယ်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကူညီမှုကို ရယူကာ နှစ်စဉ်မပြတ်ဆုချီးမြှင့်သွားမည်ဟု သိရသည်။

ယခု ဒုတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုကို ၂၀၀၂ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များထဲမှ လယ်တွင်းသားစောချစ်၏ "ဥပမိရုပ်" စာအုပ်နှင့် နာဂတင်ဦး၏ "စနေသား၏ ဘဝတိုက်ပွဲများ" စာအုပ်တို့ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ဒုတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က "စနေသား၏ ဘဝတိုက်ပွဲများ" စာအုပ်ဖြင့် ဆုရရှိသူ ဦးတင်ဦး (နာဂတင်ဦး)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က "ဥပမိရုပ်" စာအုပ်ဖြင့် ဆုရရှိသူ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အင်တာနက်မိတ်ဆက်သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၇

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ စီးပွားရေးဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အင်တာနက်မိတ်ဆက် သင်တန်းအမှတ်စဉ်(၁/၂၀၀၃) ဆင်းပွဲကို ဒီဇင်ဘာ ၁၉ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ e-Learning Centre ၌ ကျင်းပရာ စီးပွားရေးဆပ်ကော်မတီ အကြံပေးပုဂ္ဂိုလ် ဒေါ်စိန်စိန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ကြသည်။**(အောက်ပုံ)** သင်တန်းသို့ သင်တန်းသူ ၅၀ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

စာတမ်းဖတ်ပွဲ တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ ဦးခင်မောင်ဆွေ (လျှပ်စစ်စစ်ဆေးရေး)၏ "နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး" စာတမ်းကို ရန်ကုန်တိုင်း လှိုင်မြို့နယ် MICT Park ၌ ဇန်နဝါရီ ၁၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဖတ်ကြားဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နားထောင်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

- ✳ မြောက်တိုင်းလည်း မမြောက်နဲ့
- ✳ ခြောက်တိုင်းလည်း မကြောက်နဲ့
- ✳ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်စစ်ပွဲနှင့် စစ်ပွဲ၏နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများကြောင့် အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် အပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုမှာ သိသိသာသာကြီး လျော့နည်း ကျဆင်းသွားကြောင်း မကြာသေးမီက ထုတ်ပြန်သည့် အမေရိကန် ပြည်သူ့သဘောထား စစ်တမ်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် မတ်လက အီရတ်နိုင်ငံအား စစ်ဆင်နွှဲတိုက်ခိုက်ရန် အမေရိကန်အစိုးရက ဆုံးဖြတ်ခဲ့ရာတွင် မှားယွင်းသော ဆင်ခြေဆင်လက်များကို ပေးခဲ့သည်ဟု ယုံကြည်သူဦးရေမှာ လွန်ခဲ့သည့် ငါးလက ၁၀ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၂၁ ရာခိုင်နှုန်းအထိ နှစ်ဆတိုးလာကြောင်း တွေ့ရသည်။

ထို့အပြင် သမ္မတဘုရှ်အစိုးရအဖွဲ့၏ အီရတ်နိုင်ငံအရေး ကိုင်တွယ်ဖြေရှင်းပုံအပေါ် မနှစ်မြို့သူဦးရေမှာ စက်တင်ဘာလက ၃၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါတွင် ၄၂ ရာခိုင်နှုန်း အထိ မြင့်တက်လာရာ ၁၁ ရာခိုင်နှုန်း တိုးလာကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

ဗြိတိသျှသံရုံးကို စောင့်ကြပ်

ဇန်နဝါရီ ၆ ရက်က လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေဆဲဖြစ်သည့် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗြိတိသျှသံရုံးကို စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror — အီရတ်မြင်ကွင်း

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော မိုဆူးလ်မြို့တွင် အလုပ်လျှောက်ရန်လာကြသည့် အီရတ်လူမျိုးများကို အမှတ်(၁၀၁) လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးက စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက် တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာ ဘာဆရာမြို့၌ ဆန္ဒပြပွဲ တစ်ခုတွင် ဒဏ်ရာရရှိသူ အီရတ်အမျိုးသား တစ်ဦးကို ၎င်း၏အဖော်များက ဖေးမခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မသက်သာသူများကို ဖမ်းဆီး

ဇန်နဝါရီ ၆ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် ခုခံတွန်းလှန်ရေးသမားများအဖြစ် မသင်္ကာသူများကို အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးကာ ဟမ်းဗီး စစ်ယာဉ်တစ်စီးပေါ် ပစ်ထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ ၆ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့အတွင်း ကင်းလှည့်စောင့်ကြပ်ရန် စစ်အခြေစိုက်စခန်းမှ ထွက်ခွာလာသော အမှတ် - ၂၂ ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်း၌ ကားတစ်စီးပေါ်မှ မိသားစုအား ပစ်ခတ်မှု အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်ချက်ဟု ပြည်နယ်ရဲချုပ်ပြောကြား

တီကရစ်(အီရတ်) ဇန်နဝါရီ ၆

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် မောင်းနှင်နေသည့် ကားတစ်စီးပေါ်မှ မိသားစုတစ်စုအား လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရမှုကို စုံစမ်းစစ်ဆေးနေသည့် အီရတ်ပြည်နယ် ရဲချုပ်က ယင်းလက်ချက်မှာ အမေရိကန်တပ်ဖွဲ့ဝင်များ၏လက်ချက်ဖြစ်သည်ဟု တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ကမူ ယင်းပစ်ခတ်မှု၌ ပါဝင်ပတ်သက်သည်ဆိုခြင်းကို ငြင်းဆန်ထားသည်။

သေဆုံးသူ မိသားစုဝင်များ၏ အလောင်းများကို စနေနေ့က အနီးတစ်ဝိုက်ရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် တွေ့ရှိခဲ့ရသည့်နောက်ပိုင်း ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိဖြစ်သော တီကရစ်မြို့တွင် တင်းမာမှုများ ကြီးထွားခဲ့သည်။ သေဆုံးသူတို့၏ အလောင်းများမှာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့၏ အလောင်းများဖြစ်ကြကြောင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့က ပြောကြားသည်။

လေးဦးသေဆုံး

သို့ရာတွင် ဆာလာဟာဒင်ပြည်နယ်ရဲချုပ် ဗိုလ်ချုပ်ကြီး မာဇာဟာသာအယ်ဂါနီယမ်က အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကိုးလသားအရွယ် ယောကျ်ားလေး တစ်ဦး စုစုပေါင်း လူလေးဦးသေဆုံးခဲ့ကြောင်း ပြောကြားသည်။

ခေါင်းဆောင်လာ

ပဥ္စမမြောက် အမျိုးသားမှာ ပစ်ခတ်မှုမှ လွတ်မြောက်ခဲ့ပြီး တီကရစ်မြို့ ဆေးရုံသို့ခေါင်းဆောင်လာခဲ့သည်။ ကားကို အမေရိကန်စစ်ယာဉ်တန်းတစ်ခုက ပစ်ခတ်ခဲ့ကြောင်း ၎င်းက တီကရစ်မြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောကြားခဲ့သည်။

ယုံကြည်

မိမိသည် အခြားမျက်မြင်တွေ့ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်းနှင့် ယင်းသို့ပစ်ခတ်ခံရခြင်း ဖြစ်သည်ကို သေချာပေါက်ယုံကြည်ကြောင်း မာဇာက ပြောကြားသည်။

သက်သေမကင်းဖြစ်

မိသားစုတစ်စုစီးနင်းလိုက်ပါလာသည့်ကားက စစ်ယာဉ်တန်းကို ကျော်ဖြတ်ရန် ကြိုးစားခဲ့ကြောင်း၊ ယင်းသို့ဖြတ်ကျော် သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်က ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မာဇာက ပြောကြားသည်။ စစ်ယာဉ်တန်း၏နောက်ဘက် ယာဉ်တစ်စီးပေါ်မှ စစ်သေနတ်ကိုင်ဆောင်ထားသူက အရပ်သားကားကို အန္တရာယ်ပေးမည့် ကားတစ်စီးဟု သင်္ကာမကင်း ဖြစ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စောင့်ဆိုင်း

ဇန်နဝါရီ ၅ ရက်က မိုဆူးလ်မြို့တွင် အီရတ်စစ်ဘက်ဆိုင်ရာ အမှုထမ်းဟောင်းများ အမေရိကန် အုပ်ချုပ်ရေးအဖွဲ့နှင့်တွေ့ရန် တန်းစီစောင့်ဆိုင်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြားသတင်းများ

ဇန်နဝါရီ ၅ ရက်က ဗုံးပေါက်ကွဲမှုမှ ကာကွယ်ရန် အမေရိကန်စစ်ကားများကို သံမဏိပြားများ ကပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောက်ကျားတို့ တိုက်ခိုက်လေ့ရှိသည့် နေရာလေးခုရှိဟုဆို

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အမေရိကန်ကြည်းတပ်အမှတ်(၃) ထောက်ပံ့ရေးတပ်စစ်ဌာနချုပ်မှ ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူး သောမတ်ဆီရီယိုက အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်းများကို ပြောက်ကျားများက တိုက်ခိုက်လေ့ရှိသည့် အဓိကဒေသလေးခုကို ခွဲခြားသတ်မှတ်လိုက်သည်။

ပထမနေရာမှာ ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ အစ္စလန်ဒီရီယာမြို့နှင့် မာမူဒီယာမြို့အကြား မာမူဒီယာမြို့မှ မြောက်ဘက် ခြောက်မိုင်နှင့် ၁၀ မိုင်အကြားတွင်ဖြစ်သည်။

ဒုတိယတိုက်ခိုက်တတ်သည့်နေရာမှာ ဘဂ္ဂဒက်မြို့ကို ဖြတ်သွားသည့် လမ်းမကြီးများပေါ်တွင်ရှိသည်။ အဓိကအားဖြင့် တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက်လမ်းများတွင် ဖြစ်သည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် တတိယမြောက် တိုက်ခိုက်တတ်သည့်နေရာဖြစ်သည်။ ရာမာဒီမြို့နှင့် ဖော်လူဂျာမြို့ အကြားတွင် တိုက်ခိုက်မှုများဖြစ်ပွားတတ်သည်။

စတုတ္ထမြောက် ပြောက်ကျားတို့တိုက်ခိုက်တတ်သည့်နေရာမှာ ဘဂ္ဂဒက်မြို့ မြောက်ဘက်တွင် ဖြစ်သည်။ ကယ်ကွတ်မြို့ကိုဖြတ်ကာ တာဂျီနှင့်ဆာမာရာတို့ကို ဆက်သွယ်သော အဝေးပြေးလမ်းမကြီးမှာ လွန်ခဲ့သည့်နှစ်လအတွင်းတွင် တိုက်ပွဲဖြစ်ရာ ဇုန်နယ်မြေ ဖြစ်ခဲ့သည်ဆို၏။ ***အင်တာနက်။***

ဘဂ္ဂဒက်အနီးတွင် ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အနောက်ဘက်ဒေသတွင် အင်္ဂါနေ့က အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းတစ်ခုအနီးတွင်လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း၊ ခုခံတွန်းလှန်ရေးသမားများသည် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနောက်မြောက်ဘက်ဒေသတွင်ချုံခိုတိုက်ခိုက်မှု တစ်ရပ် ပြုလုပ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ ဆင်ခြေဖုံးတွင် လမ်းဘေးထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြန်ရာ အီရတ်လူမျိုးအမျိုးသားတစ်ဦး သေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အဗ္ဗဒယ်ဆာလမ်ကန်ဂါနာက ပြောကြားသည်။ ***အင်တာနက်။***

ဟောင်ကောင်အရေး စွက်ဖက်မှု တရုတ်ပြတ်ပြတ်သားသားဆန့်ကျင် အမေရိကန်၏ကတိကဝတ် ထိန်းသိမ်းလိမ့်မည်ဟု တရုတ် မျှော်လင့်

ပေကျင်း ဇန်နဝါရီ ၆

ဟောင်ကောင်ဒေသ၏ အရေးကိစ္စများသည် တရုတ်ပြည်၏ ပြည်တွင်းရေးကိစ္စသာဖြစ်သည့်အတွက် ဟောင်ကောင်ကိစ္စနှင့်ပတ်သက်၍ မည်သည့်ပုံစံမျိုးနှင့်မဆို၊ မည်သည့်နိုင်ငံခြားအစိုးရ၏ ဝင်ရောက်စွက်ဖက်မှုကိုမဆို တရုတ်ပြည်က ပြတ်ပြတ်သားသားဆန့်ကျင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကွန်ကျင်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဟောင်ကောင်ဒေသ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲမှု၊ အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်နှင့် ဒီမိုကရေစီ နည်းစနစ်များကို ဆောင်ရွက်သင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ ဝေဖန်ပြောဆိုမှုများနှင့်ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းချက်များအား တုံ့ပြန်ရာတွင် ကွန်ကယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

စိုးရိမ်မကင်းဖြစ်မိ

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၏ နိုင်ငံရေးစနစ် ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့်ပတ်သက်၍ တရုတ်ပြည်အစိုးရက များစွာစိုးရိမ်မကင်းဖြစ်မိကြောင်းနှင့် ဟောင်ကောင်ဒေသ၏ နိုင်ငံရေးပုံသဏ္ဌာန်သည် အခြေခံဥပဒေနှင့် ဟောင်ကောင်ဒေသမှ ပကတိအနေအထားအရ တဖြည်းဖြည်းချင်း မှန်မှန်ကန်ကန် ဖြစ်ထွန်း တိုးတက်သင့်သည်ဆိုသော ရှင်းလင်းပြတ်သားသည့် ရပ်တည်ချက်ကိုထားရှိကြောင်း ကွန်ကပြောကြားသည်။

ဟောင်ကောင်ဒေသ၌ တိုင်းပြည်တစ်ပြည် စနစ်နှစ်ခုမူဝါဒ အကောင်အထည်ဖော်ရေးတွင် တရုတ်အစိုးရကို ထောက်ခံရန် ဆန္ဒရှိကြောင်း အမေရိကန်အစိုးရက ထပ်ကာတလဲလဲ ပြောကြားထားပြီး တရုတ်ပြည်၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် မရည်ရွယ်ကြောင်း ကြေညာခဲ့သည်ဟု ကွန်ကပြောကြားသည်။

အမေရိကန်အနေဖြင့် ၎င်း၏ကတိကဝတ်ကိုထိန်းသိမ်းပြီး ဟောင်ကောင်ဒေသ တည်ငြိမ်ရေးနှင့် စည်ပင်ဝပြောရေးကို အဟန့်အတားပြုစေမည့် ကြေညာချက် သို့မဟုတ် အပြုအမူကို ရှောင်ရှားလိမ့်မည်ဟု တရုတ်အစိုးရက မျှော်လင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်စစ်သုံ့ပန်းများအား ညှဉ်းပန်းနှိပ်စက်ခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးကို တာဝန်မှ ရပ်ဆိုင်း

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်စစ်ပွဲကာလအတွင်း အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘူကာစစ်စခန်းတွင် အီရတ်လူမျိုး စစ်သုံ့ပန်းများအား ညှဉ်းပန်းနှိပ်စက်ခံရမှုကို ကျူးလွန်ခဲ့ကြသော အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးကို လုပ်ငန်းတာဝန်မှ ရပ်ဆိုင်းကာ အမေရိကန်ပြည်ထောင်စုသို့ ပြန်ပို့လိုက်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဒုတိယ ဗိုလ်မှူးကြီး ဗစ်ဟဲရစ်က တနင်္လာနေ့တွင် ပြောကြားသည်။

အခြေစိုက်စခန်းမှ ထွက်ခွာ

ဇန်နဝါရီ ၄ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင် ၁၁၀ အကွာ တီကရစ်မြို့ရှိ အခြေစိုက်စခန်းမှ ကင်းလှည့်ထွက်ခွာမည့် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စစ်သုံ့ပန်းများအား ညှဉ်းပန်းနှိပ်စက်ခဲ့သည့် စွပ်စွဲချက်များဖြင့် လပေါင်းအတန်ကြာမျှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြစ်မှု ထင်ရှားတွေ့ရှိခဲ့ရကြောင်း၊ အဆိုပါ တပ်ဖွဲ့ဝင် သုံးဦးကို အရေးယူသည့် အနေဖြင့် တာဝန်မှရပ်ဆိုင်းလိုက်ပြီး ဌာနေသို့ ပြန်ပို့ရန် အမှတ်(၁၄၃) သယ်ယူပို့ဆောင်ရေးဌာနချုပ်၏ ယာယီတပ်မှူး ဗိုလ်မှူးချုပ် အင်းနစ်ဝိုက်ဟက်ဒ်က ဆုံးဖြတ်လိုက်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်စစ်သုံ့ပန်းများအား နှိပ်စက်ကလူ ပြုလုပ်ခဲ့သည့် တပ်ဖွဲ့ဝင်များအား စစ်ခုံရုံးတင်၍ စစ်ဆေးခြင်း မရှိသော်လည်း ပြစ်ဒဏ်ပေးရန် ၎င်းတို့၏ တပ်မှူးက ဆုံးဖြတ်သည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် ပြစ်မှုထင်ရှား တွေ့ရှိရပါက ထောင်ဒဏ် ၂၅ နှစ်အထိ ကျခံရနိုင်သည်ဟု အစောပိုင်းက အမေရိကန်ကြည်းတပ်က ပြောကြားခဲ့သည်။

ယခုကဲ့သို့ ဌာနေပြန်ပို့ခြင်းခံရသော တပ်ဖွဲ့ဝင် သုံးဦးမှာ တပ်ကြပ်ကြီး လီဆာဂါမင်း(၃၅နှစ်)၊တပ်ကြပ်စကော့ မက္ကဇီ(၃၈နှစ်)နှင့် တပ်သား တင်မော်သီကန်ဂျာ (၂၁နှစ်)တို့ ဖြစ်ကြသည်။ ပြီးခဲ့သည့် ဇူလိုင်လကလည်း အီရတ်နိုင်ငံရှိ ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦးကို စစ်သုံ့ပန်းများအား ရိုက်နှက်သည်ဆိုမှုဖြင့် ဌာနေတပ်စခန်းသို့ ပြန်ပို့ခဲ့ကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ***အင်တာနက်။***

ဗာ့ဂျ်ပါယီးနှင့် ပါဗက်မူရှာရက်ဖ် ဆွေးနွေးပွဲ ရုရှား၊ တရုတ်နှင့် ဗြိတိန်နိုင်ငံတို့ ကြိုဆို

မော်စကို ဇန်နဝါရီ ၆

အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးနှင့် ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်တို့ တွေ့ဆုံဆွေးနွေးမှုသည် အပြုသဘောဆောင်ကြောင်း တရုတ်ပြည်နှင့် ဗြိတိန်နိုင်ငံတို့နှင့်အတူ ရုရှားနိုင်ငံက တနင်္လာနေ့တွင် ကြိုဆိုလိုက်ပြီး ယင်းဆွေးနွေးပွဲက ဆင်းမလားနှင့် လာဟိုးကြေညာချက်များအပေါ် အခြေခံလျက် အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

(၁၂)ကြိမ်မြောက် တောင်အာရှထိပ်သီးဆွေးနွေးပွဲ၏ အစီအစဉ်ပြင်ပမှနေ၍ ဇန်နဝါရီ ၅ ရက်က ကျင်းပခဲ့သည့် ဗာ့ဂျ်ပါယီးနှင့် မူရှာရက်ဖ်တို့၏ ဆွေးနွေးပွဲများကို ရုရှားနိုင်ငံက အပြုသဘောဆောင် ရှုမြင်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းဆွေးနွေးပွဲသည် နှစ်နိုင်ငံ ရင်ဆိုင်နေရသည့် အရေးပါသော ပြဿနာများကို ဖြေရှင်းရန် ဦးတည်လျက် ဆင်းမလားနှင့် လာဟိုးကြေညာချက်များကို အခြေခံကာ အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရေးအတွက် အလှည့်အပြောင်းတစ်ရပ်ဖြစ်နိုင်ပြီး တောင်အာရှဒေသ၌ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ရုရှားနိုင်ငံ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ပါဗက်မူရှာရက်ဖ်နှင့် ဗာ့ဂျ်ပါယီးတို့၏ ဆွေးနွေးပွဲကို ဗြိတိန်နှင့် တရုတ်ပြည်တို့ကလည်း ကြိုဆိုလိုက်သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲသံများ ကြားရ အီရတ်ခုခံတိုက်ခိုက်သူများ၏ တိုက်ခိုက်မှု ပိုမိုခေတ်မီတိုးတက်လာ

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် တနင်္လာနေ့ မွန်းလွဲပိုင်းက ကျယ်လောင်လှသည့် ပေါက်ကွဲသံအချို့ကို ကြားရကြောင်း၊ သို့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏လက်ချက် သို့မဟုတ် အီရတ်ခုခံတွန်းလှန်ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုဖြစ်သည်ကိုမူ ချက်ချင်း ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက်မြို့တော်ကို တာဝန်ယူရသည့် အမေရိကန် အမှတ်(၁) သံချပ်ကာ တပ်မမှ တပ်ဖွဲ့ဝင်များသည် အီရတ်ခုခံတွန်းလှန်ရေးသမားများအား တိုက်ခိုက်သည့် စစ်ဆင်ရေး၏ တစ်စိတ်တစ်ဒေသအနေဖြင့် မကြာသေးမီရက်များအတွင်းက ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက်ရှိ လူဦးရေ ကျဲပါးသောဒေသများသို့ အမြောက်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ခေတ်မီတိုးတက်လာ

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအပေါ် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများသည် ပို၍ခေတ်မီတိုးတက်လာခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တပ်မှူးများက လွှန်ခဲ့သည့် သီတင်းပတ်တွင် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အလုပ်လက်မဲ့ ထောင်ပေါင်းများစွာ အီရတ်၌ ဆန္ဒပြ ပစ်ခတ်မှု ဖြစ်ပွား၍ အီရတ်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ ဆာမာဝါမြို့တွင် အလုပ်လက်မဲ့ ထောင်ပေါင်းများစွာက ဒေသတွင်းရှိ တရားရုံးရှေ့တွင် စနေနေ့က မကျေမနပ် ဆန္ဒပြခဲ့ကြသည်။ အဆိုပါ ဆန္ဒပြသူများထဲမှ အီရတ်လူမျိုး ၂၀ ကျော်ခန့်ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားခဲ့သည်။

ကူညီပံ့ပိုး

စနေနေ့က ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုတွင် ဆန္ဒပြသူများအား ထိန်းသိမ်းနိုင်ရန် ရဲတပ်ဖွဲ့ကို ဒတ်ချ်တပ်ဖွဲ့များက ကူညီပံ့ပိုးခဲ့ရာ အနည်းဆုံး အီရတ်တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ဘဂ္ဂဒက်မြို့တွင် တနင်္ဂနွေနေ့က သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

အပြန်အလှန်ပစ်ခတ်

ဆန္ဒပြသူ အီရတ်များထဲမှ တစ်ဦးက စတင်ပစ်ခတ်ရာမှ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရသည်ကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ***အင်န်အိပ်ချ်ကေ။***

အိမ်နီးချင်း အီရတ်၌ နယ်မြေပိုင်းခြားမည့်အရေး ဆီးရီးယားသမ္မတ အာဆတ် ဆန့်ကျင်

အန်ကာရာ ဇန်နဝါရီ ၅

အိမ်နီးချင်း အီရတ်နိုင်ငံကို ပိုင်းခြားရေး မည်သည့်ကြံပမ်းချက်ကိုမဆို ဆီးရီးယားနိုင်ငံက ဆန့်ကျင်ကြောင်း၊ အထူးသဖြင့် အီရတ်နိုင်ငံအတွင်း လွတ်လပ်သော ကာ့ဒ်နိုင်ငံထူထောင်ရေးကို ဆန့်ကျင်ကြောင်း ဆီးရီးယားသမ္မတ ဘရှားအယ်အာဆတ်က ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

ပထမဆုံး ခရီးစဉ်

မိမိတို့သည် ကာ့ဒ်နိုင်ငံ ထူထောင်ရေးကိုသာမက အီရတ်နိုင်ငံ၏ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုကို မည်သို့သော ကြံပမ်းအားထုတ်မှုကိုမဆို မိမိတို့ ဆန့်ကျင်ကြောင်းဖြင့် တူရကီနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ် မသွားရောက်မီ စီအင်န်အင်န်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဆီးရီးယားသမ္မတ ဘရှားအာဆတ်က ပြောကြားလိုက်သည်။ ယင်းခရီးစဉ်မှာ ဆီးရီးယားခေါင်းဆောင်တစ်ဦးအနေဖြင့် ၅၈ နှစ်အတွင်း ပထမဆုံး တူရကီခရီးစဉ်ဖြစ်သည်။

စိုးရိမ်နေကြ

တူရကီနိုင်ငံသည် ဆီးရီးယား၊ အီရတ်နှင့် အီရန်နိုင်ငံများအထိ ကျယ်ပြန့်သော တောင်တန်းဒေသများတွင် နေထိုင်သည့် လူဦးရေ ၂၅ သန်းနှင့် ၃၅ သန်းအတွင်းရှိသော ကာ့ဒ်လူမျိုး ထက်ဝက်ခန့်နေထိုင်သည့် နိုင်ငံဖြစ်သည်။ အီရတ်၏ အနာဂတ်မှာ မိမိတို့အားလုံး၏ အနာဂတ်နှင့် ဆက်သွယ်နေသည်မှာ သေချာကြောင်း၊ ထိုအကြောင်းကြောင့် အီရတ်နိုင်ငံအား ခွဲခြမ်းမှုသည် ဆီးရီးယားနှင့် တူရကီသာမက ဒေသတွင်းရှိ အခြားသော နိုင်ငံအားလုံးကပါ စိုးရိမ်နေကြကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ဇန်နဝါရီ ၅ ရက်က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာ မိုဆူးလ်မြို့တွင် အီရတ်စစ်မှုထမ်းဟောင်းများ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပခုက္ကူဒေသ အခြေကျ ဖွံ့ဖြိုးတိုးတက်လာတော့မည်

တက္ကသိုလ်တင်ခ

ဖွံ့ဖြိုးမှုနောက်ကျခဲ့သော ဒေသဘာဝမှသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အကြီးအကဲ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အညာဒေသ ခရီးစဉ်တွင် ပခုက္ကူဒေသသည် အဓိကပါဝင်ခဲ့ပေသည်။ မြန်မာနိုင်ငံ ခေါင်းဆောင်အနေဖြင့် နိုင်ငံကောင်းအောင် စွမ်းဆောင်ရာတွင် အညာဒေသ ရေရရှိရေးလုပ်ငန်းများသည် အံ့မခန်း အောင်မြင်လျက်ရှိနေပေသည်။ ဆည်တမံအစီအမံ ၁၅၅ ခုနှင့် မြစ်ရေတင်စီမံကိန်းပေါင်း ၂၆၅ ခုမှာ စာရင်းဇယားက မယွင်းမှားကြောင်း လက်တွေ့ကျကျ သက်သေပြလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် မြင်းခြံမြို့နယ် မြောက်ပင်လယ်ဆည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် **မိမိသည် ဤအညာဒေသတွင် မွေးဖွားကျင်လည်ခဲ့ရသဖြင့် ငယ်စဉ်ကတည်းကပင် ဤဒေသရှိ တောင်သူလယ်သမားများ၏ ပင်ပန်းဆင်းရဲမှုကို နားလည်သိရှိခဲ့ကြောင်း၊ ရွှေကိုမလိုရေကို လိုသည်။ ရေရရှိပါက ရွှေရသလို ခံစားနေရသည့် အခြေအနေကြောင့် ဤဒေသ ရေရရှိရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့ တာဝန်ယူချိန်တွင် ဆောင်ရွက်ပေးနိုင်သည်များကို ယခုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ရေရရှိပြီဖြစ်၍ ကြိုးစားပြီး အလုပ် လုပ်ကြရန် လိုကြောင်း**ဖြင့် လမ်းညွှန်မိန့်ကြားခဲ့သည်ကို ပြန်လည်အမှတ်ရနေမိပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အညာဒေသခရီးစဉ်အတွင်း ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင်–

ပခုက္ကူဒေသ၌ မိမိငယ်စဉ်အရွယ်က တာဝန်ထမ်းဆောင်ခဲ့ဖူး၍ ဤအရပ်၊ ဤဒေသနှင့် စပ်လျဉ်းပြီး ထိတွေ့သိရှိမှုများ ရှိပါကြောင်း၊ ပခုက္ကူဒေသရှိ ကျေးလက်ဒေသများသည် များစွာဆင်းရဲကျပ်တည်းကြကြောင်း၊ နေထိုင်စားသောက်ရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သဖြင့် ပခုက္ကူဒေသသည် ဝေးလံခေါင်သီသော ဒေသတစ်ခုကဲ့သို့ ဖြစ်တည်ခဲ့ကြောင်း မိန့်ကြားချက်ကို ပြန်ပြောင်းအမှတ်ရနေခဲ့မိပါသည်။

အညာဒေသတစ်ခွင်မန္တလေးတိုင်း၊စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၌ မှီတင်းနေထိုင်သော လူဦးရေ ၁၇ သန်းကျော်ရှိရာ ထိုဒေသနေတိုင်းရင်းသား ပြည်သူအားလုံး ရေရှည်ကောင်းစားရေး၊ ယင်းအညာဒေသ၏ ရေမြေသဘာဝ အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် သဘာဝပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအစီအမံများကို ၁၉၉၃ ခုနှစ်မှစ၍ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းဖြင့် မြည်သံဟိန်းစွမ်းဆောင်ကြိုးပမ်းပေးခဲ့သည်။

ရေမြေ ထိန်းသိမ်းပြုပြင်စောင့်ရှောက်မှု မပြုလုပ်ဘဲ မျက်နှာလွှဲပစ်ထားပါက အညာဒေသသည် သဲကန္တာရအသွင် ပြောင်းလဲသွားနိုင်ပေသည်။ ယခုမူ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ကမ္ဘာမြေပုံပေါ်တွင် အောင်မြင်မှုအရိပ်ထင်ရှား လူသိများလျက်ရှိနေပါပြီ။ ပခုက္ကူဒေသသည် တောရိပ်တောင်ရိပ် သစ်ပင်ရိပ်တို့နှင့်အတူ အကျိုးရလဒ်အသီးအပွင့်များကို လက်တွေ့မြင်ခွင့်ရနေပြီဖြစ်ပါသည်။

ပူပြင်းခြောက်သွေ့လှသည့် ပခုက္ကူဒေသသည် ယခုကဲ့သို့ စိုက်ပျိုးရေအပြင် သောက်သုံးရေ ရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်က ရွှေနှင့် ငွေ ဂဟေဆက် မသွေမပျက်လုပ်ဆောင်ပေးသည်မှာ စေတနာမြင်ကွင်းအဖြစ် ထင်လင်းစွာ မြင်တွေ့နိုင်ပါပြီ။

ပခုက္ကူဒေသ အခြေကျ ဖွံ့ဖြိုးတိုးတက်လာတော့မည်

ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမှ ပခုက္ကူဒေသသည် ယခင်က တိုးတက်မှုနောက်ကျ အလှမ်းကွာခဲ့ရသည်။ မြစ်ခြားရုံမျှနှင့်ပင် ခေတ်ခြားသလိုဖြစ်ခဲ့ရသည်။ ယနေ့ကာလတွင် ပခုက္ကူဒေသအပါအဝင် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ။ လိုအပ်သောနေရာများတွင် ရထားလမ်းသစ်၊ ကားလမ်းသစ်များကို ဖောက်လုပ်ပေးခဲ့သည်။ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တည်ဆောက်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဧရာဝတီမြစ်ခြားရုံမျှနှင့် တိုးတက်မှုခေတ်မခြားစေရတော့ပါ။ ပခုက္ကူမြို့ကို ဧရာဝတီအနောက်ဘက်ကမ်း မြို့တော်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။ ပခုက္ကူဒေသသည် နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် တစ်ခုအဖြစ် ပါဝင်လာပါပြီ။ နိုင်ငံတော်တစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ပခုက္ကူလည်း ပါဝင်ခဲ့သည်။

ပခုက္ကူမြို့သာမက ပခုက္ကူဒေသရှိ ကျေးလက်များပါမကျန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အလိုလိုပါဝင်တိုးတက်ပြောင်းလဲခဲ့ပါပြီ။ နိုင်ငံတော်တစ်ဝန်းလုံး နယ်စွန်နယ်ဖျားဒေသမကျန်၊ ကွက်လပ်မကျန် တိုးတက်မှုက ဖုံးလွှမ်းစေခဲ့ခြင်းဖြစ်ပါသည်။

ပခုက္ကူဒေသသည် ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ် ပါဝင်လာပြီးနောက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်သော အခြေခံများ တိုးချဲ့တည်ဆောက်လျက်ရှိသည်။

ပခုက္ကူဒေသအပြင် ဆက်စပ်နေသည့် ချင်းပြည်နယ်တောင်ပိုင်းမှ ဒေသများပါ အဆက်အစပ်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပခုက္ကူဒေသသည် ယခင်ကနှင့်မတူဘဲ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်ကို လက်တွေ့မျက်မြင် တွေ့မြင်နေရပြီဖြစ်သည်။ မကြာမီနှစ်များအတွင်း ပိုမိုတိုးတက်ဖွံ့ဖြိုးလာဦးမှာ ဖြစ်ပေသည်။ ပခုက္ကူဒေသ၌ ရေသယံဇာတရှားပါးသဖြင့် နိုင်ငံတော်က ရနိုင်သမျှ ရေအရင်းအမြစ်များကို ရှာဖွေ၍ စိုက်ပျိုးရေရရှိအောင် ကြိုးစားဖန်တီးပေးလျက်ရှိနေပေသည်။

ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာလျက်ရှိသည်။

ပခုက္ကူဒေသရှိ မြိုင်မြို့နယ် ကြက်မောက်နှင့် လယ်တီရေထိန်းတမံကို ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက်နေ့က အမှတ်တရ ဖွင့်လှစ်ပေးခဲ့သည်။

ကြက်မောက်နှင့် လယ်တီရေထိန်းတမံကို မြိုင်မြို့နယ် ကြက်မောက်ကျေးရွာအနီး ဗဟုန်းချောင်းပေါ်၌ တည်ဆောက်ထားပြီး စိုက်ပျိုးမြေဧရိယာဧက ၁၂၀၀ ကို ရေပေးနိုင်မည်ဖြစ်သကဲ့သို့ ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုနေပြီဖြစ်ပေသည်။

စိုက်ပျိုးရေးကဏ္ဍ၌ အဓိကသီးနှံလေးမျိုးဖြစ်သည့် စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံ တို့ချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသအလိုက် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံလုပ်ငန်းများသည် အရေးပါလျက်ရှိပေသည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ် ပတ်ဝန်းကျင်မှာ မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သော ဒေသဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်မှု မပြည့်စုံခဲ့သော ဒေသဖြစ်သည့်အတွက် အခြားဒေသများနှင့်ယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ စိုက်ပျိုးရန်အတွက် ရှားပါးလှသော မိုးရေကို မျှော်နေရသကဲ့သို့ သွားလာရေးအတွက်လည်း ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့က ပိုင်းခြားတားဆီးနေမှုကြောင့် ဖွံ့ဖြိုးတိုးတက်နေသည့် အရှေ့ဘက်ကမ်းနှင့် အပြန်အလှန်ဆက်သွယ်ရာ၌ လွယ်ကူလျင်မြန်မှုမရှိဘဲ အခက်အခဲများစွာ ရှိခဲ့ရပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပခုက္ကူ ပေါက်၊ မြိုင်၊ ရေစကြိုနှင့် ဆိပ်ဖြူ မြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။

ယခုအခါ မင်းဘူး–ပွင့်ဖြူ–စလင်း–ဆိပ်ဖြူ–ပခုက္ကူ–ရေစကြိုကားလမ်းကို ရာသီမရွေး သွားလာနိုင်သည့်လမ်းအဖြစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။ ထို့အတူ မန်းချောင်းတံတား၊ မုန်းချောင်းတံတား၊ ယောချောင်းတံတား၊ နွယ်တမယ်တံတားတို့ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပေသည်။ ထို့အပြင် ဂန့်ဂေါ–ဟားခါးလမ်း၌ မြစ်သာမြစ်ကူးတံတားနှင့် ပေါက်–ကျောက်ထုလမ်း၌ နသိုးချောင်းတံတားတို့ကို တည်ဆောက်ပေးခဲ့သည်။ တစ်ဆက်တည်းမှာပင် ပခုက္ကူ–ရေစကြို–ချောင်းဦး ကားလမ်းနှင့် ချင်းတွင်းမြစ်ကို ဖြတ်ကျော်သည့် ဆင်ဖြူရှင်တံတားကြီးကို တည်ဆောက်ပေးခဲ့သဖြင့် ဒေသတစ်ခုနှင့်တစ်ခုအကြား ရေကြော၊ မြေကြောများ ဆက်စပ်နိုင်ခဲ့ပြီဖြစ်ပေသည်။

ထို့အပြင် ချောင်းဦး–ပခုက္ကူ–မြိုင်–ဂန့်ဂေါ–ကလေး ရထားလမ်းကိုလည်း ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည့်အတွက် ဒေသခံပြည်သူများသည် ကားလမ်း၊ ရထားလမ်း အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ကူးလူးဆက်ဆံသွားလာနိုင်ပြီဖြစ်ပေသည်။ မြစ်ခြား၊ ချောင်းခြားနေသည့် သဘာဝအတားအဆီးများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းမှုစွမ်းပကားဖြင့် ကျော်လွှားနိုင်ပြီ ဖြစ်ပေသည်။

နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှုများနှင့်အတူ စပါးစိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လာခဲ့ရာ မကွေးတိုင်း၌ ၁၉၈၈–၈၉ ခုနှစ်က မိုးစပါး၊ နွေစပါး စုစုပေါင်းဧက ၃ ဒသမ ၆ သိန်းခန့်သာရှိခဲ့ရာမှ ယခုအခါ စပါးစိုက်ဧက စုစုပေါင်း ၆ ဒသမ ၃ သိန်း စိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်သည်။ ဒေသဆန်ဖူလုံမှုအနေဖြင့်လည်း ၇၂ ရာခိုင်နှုန်းခန့် တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုလည်း စိုက်ဧရိယာဧက ၅၉ သိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းကောင်းများကြားသိရပေသည်။

ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း အလုပ်အကိုင်ရရှိရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံကို ပခုက္ကူမြို့မှ သုံးမိုင်အကွာ ကျွဲတဲကျေးရွာအုပ်စုတွင် တည်ဆောက်လျက်ရှိပြီး ၂၀၀၅ ခုနှစ် မေလအတွင်း စက်စမ်းသပ်လည်ပတ်နိုင်မည်ဟု သိရပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကိုသာမက ရှိသည့် ဘဏ္ဍာငွေကြေးအပေါ် အခြေခံ၍ စက်မှုကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် စွမ်းဆောင်ပေးလျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံများ အလုပ်အကိုင်သစ်များ ရရှိစေရေးအတွက်လည်း စက်ရုံစီမံကိန်းများကို တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေပေသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

မိုးကုတ် ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ပျော်ဘွယ်မြို့နယ် သမန်းချောင်းရွာ တိုက်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ သူရိယမဟာထေရ် သက်တော်(၈၁)နှစ်ပြည့် အထိမ်းအမှတ် တရားစခန်းပွဲတွင် ရန်ကုန်မြို့ ဖွဲ့စုံ သာသနာရာမကျောင်းတိုက် သာသနာပြု နယ်လှည့် ဓမ္မကထိက ဆရာတော် ဦးဝိစိတ္တ မိုးကုတ်ဓမ္မကထိက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ နှင့်အညီ ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်ထိ ပဋိစ္စသမုပ္ပာဒ် သင်တန်းနှင့် သစ္စာလေးပါးအလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မူးယစ်ဆေးဝါးအန္တရာယ် ပိုင်းဝန်းကာကွယ်

မောင်ခိုင်း

(ယမန်နေ့မှအဆက်)

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ချက်များကို ကြည့်မည်ဆိုလျှင် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၌ ၁၉၆၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်း၌ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းသို့ ၁၉၉၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ဝင်ရောက်ခဲ့ပါသည်။ နိုင်ငံတကာနှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ အဆင့်မြင့်အရာရှိများ အစည်းအဝေး ပြုလုပ်ခြင်း၊ နယ်စပ်ဖြတ်ကျော် အစည်းအဝေးကျင်းပခြင်း၊ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံဖြတ်ကျော် ဖြစ်ပွားသည့်မှုခင်းများ တားဆီးနှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ နိုင်ငံတကာ ညီလာခံအစည်းအဝေး၊ ဆွေးနွေးပွဲ၊ သင်တန်း၊ လေ့လာရေးများ တက်ရောက်ခြင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ–ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာစီမံကိန်းမှ ဆောက်လုပ်ပြီးစီးခဲ့သည့် ၁၆ ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး PichammethMuangmanee နှင့် ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးပေါက်ယူချန်းနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူ ၂၀၀၀ ကျော် တက်ရောက်ခဲ့ပါသည်။ ယောင်ခကျေးရွာစီမံကိန်းသည် ၂၀၀၁ခုနှစ်တွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးခဲ့ရာမှ နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ဖော်ခဲ့ပြီး ထိုင်းဝန်ကြီးချုပ်က ထိုင်းနိုင်ငံသုံးငွေ ဘတ်သန်း ၂၀ ပံ့ပိုးမှုဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်ပါသည်။ ယောင်ခကျေးရွာစီမံကိန်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် စတင်အကောင်အထည် ဖော်ခဲ့ပြီး ဘက်စုံဖွံ့ဖြိုးရေးအဖြစ် အကောင်အထည်ဖော်ခဲ့ရာ ပညာရေးကဏ္ဍတွင် ကျောင်းသား ၅၀၀ ဆံ့ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းကို ၂၀၀၃ ခုနှစ် မေလတွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ဇွန်လတွင် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမ ၁၀ ဦးဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၂၂ ဦးတို့အား စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ကျန်းမာရေးကဏ္ဍတွင် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် ဆရာဝန်၊ ဆရာမဝန်ထမ်း နေအိမ်ခန်းများကို ဆောက်လုပ်ပေးခဲ့ရာ စက်တင်ဘာလတွင် ပြီးစီးခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန် တစ်ဦး၊ သူနာပြုဆရာမလေးဦးတို့ဖြင့် ဒေသခံ တိုင်းရင်းသားများအား ဆေးဝါးကုသ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ဘိန်းအစား ထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ပြီး ကုန်းမြင့်လယ်မြေ ဧက ၁၃၀၀ နှင့် လယ်မြေဧက ၉၀၀၊ စုစုပေါင်း ဧက ၂၂၀၀ ကျော် စပါးစိုက်ပျိုးလျက်ရှိရာ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေးအတွက် အသေးစားတမံများ ဆောက်လုပ်ရန် စီစဉ်ခဲ့ပါသည်။

ယခုအခါ အသေးစားတမံခြောက်ခုနှင့် ရေသွယ်မြောင်း ကီလိုမီတာ ၂၀ ကို ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းဆောက်လုပ်ခဲ့ပြီး လယ်မြေဧက ၈၄၀ ကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သဖြင့် ဝမ်းစာဖူလုံသည့်အပြင် ဆန်တန် ၂၀၀၀ ကျော်ခန့် ပို့လျှံခဲ့ပါသည်။ စံပြစိုက်ပျိုးရေး ပညာပေး စခန်းအပြင် ရာသီသီးနှံ နှစ်တိုနှစ်ရှည်သီးနှံများစိုက်ပျိုး၍ ကျေးရွာလူထုအား စိုက်ပျိုးရေး ပညာပေးကာ ပြောင်း၊ ပဲပုပ်၊ ဝါးမျှစ်ချို၊ မက္ကာဒေးမီးယားစသည့် ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးစေခဲ့ပါသည်။ စီမံကိန်းဒေသမှထွက်ရှိသည့် ဘိန်းအစားထိုး သီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်လည်း စီစဉ်ထားခဲ့ပါသည်။ မွေးမြူရေးကဏ္ဍတွင် ငါးကန်များတူးဖော်၍ ငါးခူ၊ တလားဗီးယားစသည့် ငါးများမွေးမြူခြင်း၊ ဒေသနှင့်ကိုက်ညီသော ဥစားကြက်၊ အသားစားကြက်၊ ဝက်များမွေးမြူထားရှိပြီး ကျေးရွာအိမ်ထောင်စုများအား ဖြန့်ဝေမွေးမြူရန် စီစဉ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်(၃၅/၉၈)၌ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်မှု ရရှိစေရေးအတွက် ၁၅နှစ် စီမံကိန်းတစ်ရပ်အဖြစ် ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှစတင်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို စတင်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ငါးနှစ်စီမံကိန်း ကာလအပိုင်းအခြားအလိုက် ဦးစားပေး မြို့နယ် (၅၁)မြို့နယ်ကိုလည်း အောက်ပါအတိုင်း သတ်မှတ်ထားသည်။

(က) ပထမ(၅)နှစ် စီမံကိန်းကာလ (၁၉၉၉–၂၀၀၀ မှ ၂၀၀၃–၂၀၀၄ ထိ)

(၁) **ရှမ်းပြည်နယ်(မြောက်ပိုင်း)**။ မုန်းကိုး၊ ကုန်းကြမ်း၊ လောက်ကိုင်၊ ကွမ်းလုံ၊ ဟိုပန် (အထူး ဒေသ–၂မပါ)၊ မိုင်းရယ်၊ တန့်ယန်း၊ လားရှိုး၊ နမ္မတူ၊ မန်တုံ၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ ကြူကုတ် (ပန်ဆိုင်း)။ (၁၅) မြို့နယ်။

(၂) **ရှမ်းပြည်နယ် (အရှေ့ပိုင်း)**။ မိုင်းလားဒေသ၊ ကျိုင်းတုံမြို့နယ်။ (၁) မြို့နယ်။

(၃) **ရှမ်းပြည်နယ်(တောင်ပိုင်း)**။ ကွန်ဟိန်း၊ မိုင်းပန်၊ လင်းခေး၊ ဆီဆိုင်၊ ဖယ်ခုံ၊ မိုင်းကိုင် (၆)မြို့နယ်။

(၄) **စုစုပေါင်း (၂၂) မြို့နယ်။**

(ခ) ဒုတိယ(၅)နှစ်စီမံကိန်း (၂၀၀၄–၂၀၀၅ မှ ၂၀၀၈–၂၀၀၉ ထိ)

(၁) **ကချင်ပြည်နယ်**။ ကာမိုင်း၊ ဝိုင်းမော်၊ မိုးမောက်၊ မိုးညှင်း (၄) မြို့နယ်။

(၂) **ရှမ်းပြည်နယ်(မြောက်ပိုင်း)**။ မန်ဝိုင်း၊ မန်ဖန်း၊ နားဖန်၊ မိုင်းမော၊ ပန်ယန်း(ပန်းဘန်း)၊ ဝိန်းတောင် (ပန်ဘန်း)။ (၆) မြို့နယ်။

(၃) **ရှမ်းပြည်နယ်(အရှေ့ပိုင်း)**။ မိုင်းယန်း၊ ကျိုင်းတုံ (မိုင်းလားမပါ)၊ မိုင်းမောင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပျင်း၊ မိုင်းခတ်။ (၇) မြို့နယ်။

(၄) **ရှမ်းပြည်နယ် (တောင်ပိုင်း)**။ ဟိုပုန်း၊ မိုးနဲ၊ ပင်လောင်း။ (၃)မြို့နယ်။

(၅) **စုစုပေါင်း (၂၀) မြို့နယ်။**

(ဂ) တတိယ(၅)နှစ်စီမံကိန်း(၂၀၀၉–၂၀၁၀)မှ (၂၀၁၃–၂၀၁၄)အထိ

(၁) **ရှမ်းပြည်နယ်(တောင်ပိုင်း)**။ ကျေးသီး၊ မိုင်းရှူး၊ နမ့်စန်၊ ညောင်ရွှေ၊ လဲချား(၅)မြို့နယ်။

(၂) **ကယားပြည်နယ်**။ လွိုင်ကော်၊ ဒီမောဆိုး (၂)မြို့နယ်။

(၃) **ချင်းပြည်နယ်**။ တွန်းဇံ၊ ဖလမ်း (၂) မြို့နယ်။

(၄) **စုစုပေါင်း (၉) မြို့နယ်။**

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်မျိုးတည်းဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းထက် ဘိန်းစိုက်ပျိုးထုတ်လုပ်သောဒေသများ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက် မြင့်မားလာစေရန် ဆောင်ရွက်ပေးမှသာလျှင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်း ပပျောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သုံးစွဲမှုပပျောက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတား တည်ဆောက်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ပညာပေးရေး၊ ပြန်လည်ထူထောင်ရေး၊ တားဆီးနှိမ်နင်းရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက မြန်မာနိုင်ငံ၊ တိုင်းနှင့်ပြည်နယ်အသီးသီးမှ အထက်တန်းပြနှင့် အလယ်တန်းပြဆရာ၊ ဆရာမများအား သင်တန်းပေးခြင်း၊ ကျောင်းသား လူငယ်များကို မူးယစ်ဆေးဝါး ပညာပေးဘာသာရပ်များ ပို့ချစေခြင်း၊ ပညာပေးဟောပြောပွဲများ မြို့နယ်အလိုက် ပြုလုပ်ပေးခြင်း၊ လက်ကမ်းကြော်ငြာ၊ နံရံကပ် ပိုစတာများ၊ ထုတ်ဝေဖြန့်ဖြူးပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ လမ်းဆုံလမ်းခွနှင့် လူစည်ကားသည့်နေရာများတွင် လှုံ့ဆော်မြေစိုက် ပိုစတာများ စိုက်ထူခြင်း၊ ပြခန်းများ ဖွင့်လှစ်ပြသခြင်း၊ ပြက္ခဒိန် ပိုစတာများ ထုတ်ဝေဖြန့်ဖြူးခြင်း၊ ကျောင်းသားကိုင်စာအုပ်တွင် လှုံ့ဆော်ချက်ထည့်သွင်းခြင်းစသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါး ပပျောက်ရေးအား မိမိပြည်တွင်းအားနှင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်း ရေးသားလိုက်ရပါတော့သည်။ ။

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်လက်မိန့်ကြားခဲ့ရာ–

ပခုက္ကူဒေသအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ကြိုးကြိုးစားစား စေတနာထား ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၏ကိုယ်စား ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များ၊ ချမှတ်ထားသော စီမံကိန်းများ အောင်မြင်ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ပြည်သူများအား တက်တက်ကြွကြွ ဦးဆောင်မှုပြုသွားရန် လိုအပ်ကြောင်း။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများတွင် ပြည်သူများက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်သွားရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝသယံဇာတအရင်းအမြစ်များ ပြည့်စုံစွာရှိရာ ဝီရိယရှိရှိ အလုပ်လုပ်ရန်သာလိုကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့် လူ့အရင်းအမြစ်များ ခိုင်မာစွာ ရရှိမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရမည်များကို ထာဝစဉ် စေတနာထား ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အညာဒေသခရီးစဉ်တွင် ပခုက္ကူဒေသခရီးစဉ်မှတ်တမ်းသည် သမိုင်းဝင် သမိုင်းတွင်ပြီးမော်ကွန်းကမ္ပည်း တင်ဦးမည်ဖြစ်ပေသည်။ ယခင်က အညာဒေသသည် ရေမရခဲ့ပါ။ မြန်မာ့မြေပုံတွင် မိုးခေါင်ရေရှားဒေသဟူ၍ ရေးသားဖော်ပြထားခဲ့ကြသည်။ ယခုမူ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးကို မြည်သံဟိန်း ဖော်ညွှန်းခဲ့၍ ရေအရင်းအမြစ်များကို မျက်ဝါးထင်ထင် ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။ ကိုးခရိုင်သာမက ဆယ့်သုံးခရိုင်ထိ နယ်မြေချဲ့ထွင် အောင်မြင်စွာ ဖန်တီးလုပ်ဆောင်လျက်ရှိနေပေပြီ။

ပခုက္ကူအညာဒေသ ခြောက်သွေ့ပူပြင်း မိုးခေါင်ရေရှားခြင်းဘဝမှသည် အခြေကျရေရတော့မည့် အိုအေစစ်ဒေသတစ်ခုဖြစ်ပါတော့မည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့တော်အဖြစ် မကြာမီ မြင်တွေ့ရပေတော့မည်။ မြစ်ခြားချောင်းခြား နောက်ကျကျန်ခဲ့ရသော ဘဝမှသည် မကွေးတံတားကြီး ပြီးစီးခဲ့၍ ချင်းပြည်နယ် တောင်ပိုင်းမှ ဒေသများပါ အဆက်အစပ်ရှိရှိ ခေတ်မီဖွံ့ဖြိုးလာတော့မည်၊ စိုက်ပျိုးရေးကဏ္ဍသာမက စက်မှုကဏ္ဍပါ စံပြဖွံ့ဖြိုးလာတော့မည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ ပခုက္ကူဒေသခရီးစဉ်သည် ကမ္ပည်းတင်ရမည့် မော်ကွန်းမှတ်တမ်းတစ်စောင်အဖြစ် သမိုင်းတင် သမိုင်းတွင်ရစ်ခဲ့ပြီ ဖြစ်ပေသည်။ ။

အလှူတော် တရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ပဲခူးမြို့ စိန်မျှားဆေးပေါ့လိပ်မိသားစု၏ အလှူတော်အဖြစ် တတိယအကြိမ် တရားပွဲကို ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်အနီး သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၂ ရက် ည ၇ နာရီ၌ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) နှင့် ဇန်နဝါရီ ၁၃ ရက် ည ၇ နာရီတွင်ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

သင်းလုံးကျွတ်အစည်းအဝေးသက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

လပွတ္တာမြို့နယ်အသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်မှ ၂၀၀၂–၂၀၀၃ ခုနှစ် ဂုဏ်ပြုဆုချီးမြှင့်ခံရသူများနှင့် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဧရာဝတီတိုင်း ဓမ္မာရုံ၊ ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

မြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၁၉) ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာအဖွဲ့က ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၁၉)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**



အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးသည့် သတင်းနှင့် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံဖွင့်ပွဲ တက်ရောက်ချီးမြှင့်သည့် သတင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှု နည်းပြသင်တန်းဖွင့်ပွဲ တက်ရောက်သည့် သတင်း၊ညွှန့်ဟံ(ကြူတော)၏ သိချင်မှတ်ချင်စိတ်နှင့် အသုံးချပညာ၊ ချစ်နိုင်(စိတ်ပညာ)၏ စည်းကမ်းရှိမှ တိုးတက်မည်၊ စန်းနီလာဝင်း၏ ရေလိုက်လွဲမိလျှင်၊ ဆြာအေး(ပထဝီ)၏ ရန်ကုန်မြို့တော် ဗဟိုဒေသ၏ ပို့ဆောင်ဆက်သွယ်ရေး ကွန်ရက်၊ အောင်ဇေယျ(နည်းပညာတက္ကသိုလ်)၏ ရဲနွယ်ချောင်း ရေအားလျှပ်စစ်စီမံကိန်း၏ အားမာန်၊ မွေးနံ့သာ၏ စာပေတင့်မှလူမျိုးမြင့်မည်၊တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့် လူငယ်(၄)၊ နှင်းသစ္စာကျော်၏ အမျိုးသားယဉ်ကျေးမှု၊ဒေါက်တာလှမောင်၏ လူငယ်များအတွက် စီးပွားရေးပညာရပ်၊ မောင်မောင်ဟန်(မကွေး)၏ တို့စေတနာ တို့တာဝန်(ကဗျာ)၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ စည်းရုံးရေးနယ်မြေအတွင်း လှုပ်ရှားမှုများ၊ နိုင်ငံတကာ ဖြစ်ရပ် သတင်းနှင့် သတင်းဆောင်းပါးများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jin jun နှင့် သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် အထူးဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက လက်ခံ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများက လှူဒါန်းသော အလှူငွေကျပ် ၁၅၀၀၀၀ကို ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့က ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံယူကာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ငွေကျပ် ၃၅၃၀၉၀၀ တန်ဖိုးရှိ ကွန်ပျူတာနှင့် ပရင်တာငါးစုံ၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် အလှူရှင် (A.C.E Construction Group) မှ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင့်ဆန်း–ဒေါက်တာဒွေးဒွေးငြိမ်းတို့က ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကကြီးများအဖွဲ့က ငွေကျပ် ၁၁၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း(ဥက္ကဋ္ဌ ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါးကုမ္ပဏီ) ဇနီး ဒေါ်နန်းအေးအေးမြင့် မိသားစုက ငွေကျပ်သိန်း ၃၀၊ (ဦးမောင်မောင်ညွန့်) ဒေါ်ခင်ဆွေယု မန်နေဂျင်းဒါရိုက်တာ(Science & Technology Advisory GroupCo.Ltd) မှ ငွေကျပ်သိန်း ၃၀၊ လူမှုထုံးချွန် ပထမဆင့်သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း–သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီ ဒေါ်နီမိသားစု (ရွှေသံလွင် ကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ တမ္ဗဒီပ ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဇနီး သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်စိန်စိန်မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်ကလည်းကောင်း၊ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ် (ငွေရတနာကုမ္ပဏီ)က ငွေကျပ် ငါးသိန်း၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၅၀၀၀၉၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့က ငွေကျပ် ၁၃၀၀၀၀၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ လုပ်ငန်းအဖွဲ့က ငွေကျပ် ၇၀၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ကလည်းကောင်း အသီးသီးလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၈၈သိန်းကျော် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများက လှူဒါန်းသောအလှူငွေကျပ် ၁၅၀၀၀၀ ကို ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့က ပေးအပ်လှူဒါန်းရာ လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်များပေးအပ်လှူဒါန်းသော အလှူငွေများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံ တက်ရောက်မည့် ဆရာဝန်များ မှတ်ပုံတင်နိုင်

ရန်ကုန် ဇန်နဝါရီ ၇

အကြိမ်(၅၀)မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၁၄ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပြီး ယင်းညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၀ရက်မှစ၍ အသင်းခန်းမဆောင်(ဘီ)၌ ရုံးချိန်အတွင်း မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ အသီးသီး ပေးပို့လျက်ရှိကြသည်။

ဗီယက်နမ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူတစ်ရပ်လုံးထံသို့ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ ကြိုးပမ်းဆောင်ရွက်မှုများ တိုးတက်အောင်မြင်မှု ရရှိစေရန် မိမိဆန္ဒပြုပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား အစဉ်အလာအရတည်ရှိခဲ့သော ရင်းနှီးချစ်ကြည်မှုနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတို့ တိုးတက်ဖြစ်ပေါ်နေခြင်းအတွက် မိမိကျေနပ်အားရမိကြောင်း၊ လာမည့်နှစ်များတွင်လည်း မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မြင့်မားနေမည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဖန်ဗန်ခိုင်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား အာဆီယံအခြေခံ မူဘောင်အတွင်းမှနေ၍ ဆက်ဆံရေးမြင့်မားတိုးတက်နေကြောင်း၊ မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မြင့်မားခြင်းဖြင့် ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံးအတိုင်းအတာအရ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေးအတွက် ထောက်ကူမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် အာတားဘီဟာရီ ဗာ့ချ်ပါယီးထံမှပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မကြာသေးမီနှစ်များမှစ၍ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လာနိုင်ကြောင်း။

မိမိတို့နှစ်နိုင်ငံမှ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်အဆင့် အပြန်အလှန်လည်ပတ်မှုများမှတစ်ဆင့် ဆက်ဆံရေးခိုင်မာတိုးတက်လျက်ရှိကြောင်း။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်ကြွယ်ဝစေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

(ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဦးမောင်မောင်ခင်နှင့်သားများ၏ ပြည်တွင်းဖြစ် ဘိလပ်ဆန်ခါလုပ်ငန်း ပြခန်းကို တွေ့ရစဉ်။

ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)

❋ ကမ္ဘာ့ဆန်ဈေးကွက်မှ သွားရောက်ကာ ပြပွဲတာဝန်ခံများ၊ ဆန်စက်ပစ္စည်း ထုတ်လုပ်ရောင်းချသည့် ပုဂ္ဂလိက ဆန်စက်လုပ်ငန်းရှင်များအား သွားရောက်တွေ့ဆုံခဲ့သည်။

မိမိတို့သတင်းအဖွဲ့သည် ပထမဦးစွာ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းကော်မီဥက္ကဋ္ဌ၊ အထွေထွေမန်နေဂျာ ဦးမျိုးဦးကို သွားရောက်တွေ့ဆုံခဲ့သည်။ ဦးမျိုးဦးက "မြန်မာနိုင်ငံမှာ ယခုလိုပြပွဲမျိုး တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့သေးပါဘူး။ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ၊ ဒီပြပွဲကို ရည်ရွယ်ချက်ငါးရပ်နှင့် ပြသမှာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဆန်ဈေးကွက်မှာ မြန်မာ့ဆန်နေရာပြန်ရရှိလာအောင်နှင့် ဈေးကွက်ကိုထိန်းထားနိုင်အောင်၊ အရည်အသွေးမြင့်မားတဲ့ မြန်မာ့ဆန်များ ထုတ်လုပ်လာနိုင်အောင်၊ မြန်မာနိုင်ငံမှာရှိတဲ့ ဆန်စက်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဒေသဆိုင်ရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိလာအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီပြပွဲကို ပြသခဲ့ခြင်းပဲဖြစ်ပါတယ်။

စာတမ်းဖတ်ပွဲရလဒ်

ယခုပြပွဲဟာ တကယ်တော့ ဆန်စက်လုပ်ငန်းပြပွဲသာ မဟုတ်ပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဆန်စပါးရောင်းဝယ်ရေး မူဝါဒသစ်ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်း ပုဂ္ဂလိကအနေဖြင့် ပြည်တွင်း၊ ပြည်ပ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းများကို လုပ်ပိုင်ခွင့်ရရှိခဲ့ပါတယ်။ အဲဒီပုဂ္ဂလိက လုပ်ငန်းရှင်တွေအားလုံးကို ပညာပေးတဲ့အနေနှင့် နိုင်ငံတော်က ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဆန်စပါးအရည်အသွေး မြင့်မားလာအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ နိုဝင်ဘာလတုန်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ စာတမ်းဖတ်ပွဲတစ်ခုလုပ်ခဲ့ပါတယ်။ အဲဒီ စာတမ်းဖတ်ပွဲမှာ ကျွန်တော်တို့နိုင်ငံက တတ်သိပညာရှင်တွေ၊ ဆန်စက်လုပ်ငန်းရှင်တွေက စာတမ်းတွေတင်ပြခဲ့ပါတယ်။ အဲဒီစာတမ်းဖတ်ပွဲရဲ့ ရလဒ်က ယခုပြပွဲပေါ်ပေါက်လာရခြင်းပါပဲ။ အဲဒီစာတမ်းဖတ်ပွဲမှာ အခုလိုပြပွဲမျိုး ကျင်းပသင့်တယ်ဆိုပြီး အကြံပြုကြပါတယ်။

ဒါကြောင့်လည်း နိုင်ငံတော်က ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရယ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရယ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းရယ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများ အသင်းရယ် ပူးပေါင်းပြီးတော့ ယခုပြပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။

ပြည်ပမှ ပါဝင်ပြသ

ယခု ဆန်စက်ပြပွဲလုပ်ငန်းမှာ ပြည်တွင်းလုပ်ငန်းရှင်များသာမကဘဲ ပြည်ပကလည်း လာရောက်ပြသကြပါတယ်။ ပြည်ပကဆိုရင် တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့က ဆန်စက်တွေပြမှာဖြစ်ပြီး ပြည်တွင်းပုဂ္ဂလိက ဆန်စက်

ဆန်စပါးနှင့် ပတ်သက်သည့် အလေးတင်းတောင်း၊ အချိန်အတွယ်ပစ္စည်းများကို စုံလင်စွာ ပြသထားစဉ်။

ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)

တည်းမှာ တစုတစည်းလာရောက်လေ့လာနိုင်သလို ဇန်နဝါရီလ ၉ ရက်၊ ၁၀ရက်၊၁၁ရက်တွေမှာလည်း စာတမ်းများဖတ်ကြားပါမယ်။ အဲဒီစာတမ်းတွေကိုလည်း မလေးရှားနိုင်ငံက ပညာရှင်နှစ်ဦး၊ ဂျပန်နိုင်ငံက ပညာရှင်တစ်ဦး ဖတ်ကြားပါမယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း ဖတ်ကြားမှာဖြစ်ပြီး ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်း တတ်သိပညာရှင်များကလည်း ဖတ်ကြားကြမှာဖြစ်ပါတယ်။ တစ်နေ့ကို လေးစောင်နှုန်းနှင့် ၁၂ စောင်ဖတ်ကြားပါမယ်။ ဒီစာတမ်းတွေကတော့ ဆန်စက်တွေ ဖွံ့ဖြိုးတိုးတက်လာဖို့ရယ်၊ ဘေးထွက်ပစ္စည်းတွေကို ဘယ်လိုအသုံးချမလဲ၊ ဆန်စက်တွေမှာ ဘယ်လိုစက်ကိရိယာတွေတပ်ဆင်သင့်သလဲ၊ မြန်မာ့ဆန်တွေ ပြည်ပကိုတင်ပို့တဲ့နေရာမှာ အရည်အသွေးကောင်းအောင်ဘယ်လိုလုပ်မလဲဆိုတာတွေ ပါမှာဖြစ်ပါတယ်။ နိုင်ငံခြားကပညာရှင်တွေက ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဆန်စပါးလုပ်ငန်းများအပေါ် သူတို့ရဲ့အမြင်တွေကို ဆွေးနွေးပြောကြားကြမှာ ဖြစ်ပါတယ်။ နောက်ပြီး စာတမ်းမှာ ဖတ်ကြားတဲ့ အကြောင်းအရာတွေကို ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေကလည်း ဆန်စက်အလုံးလိုက်သော်လည်းကောင်း၊ ဆန်စက်အပိုပစ္စည်းများသော်လည်းကောင်း၊ စက်ယန္တရားတွေသော်လည်းကောင်း လာပြကြပါတယ်။ အဲဒီလို ဆန်စက်နှင့်ဆိုင်တဲ့ပစ္စည်းတွေကို တစ်နေရာ ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အထွေထွေမန်နေဂျာ ဦးသန်းထွန်းအောင်ကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးသန်းထွန်းအောင်က "ယခုပြသမည့် ဆန်စက်ပြပွဲကို မြေညီထပ်ကနေပြီး တတိယထပ်အထိ ခင်းကျင်းပြသထားမှာ ဖြစ်ပါတယ်။ မြေညီထပ်မှာဆိုရင် ဆန်စက်နှင့် ပတ်သက်တဲ့ ပြခန်း အပြင်ဘက်မှာ ၅ခန်း၊ အဆောက်အအုံအတွင်းဘက်မှာ ၁၂၅ခန်း၊ ဒါကြောင့် မြေညီထပ်မှာ အခန်း ၁၃၀ ဖြစ်ပါတယ်။

ကြိတ်ခွဲမပေးနိုင်ဘူး။ နိုင်ငံတော်က ပိုင်တဲ့စက်တွေမှာပဲ အများဆုံး ကြိတ်ခွဲခဲ့ရပါတယ်။ ဒါကြောင့် ပုဂ္ဂလိက ဆန်စက်ပိုင်ရှင်တွေအနေနှင့် သူတို့ဆန်စက်တွေကို စံချိန်စံညွှန်းနှင့်အညီ ကြိတ်ခွဲနိုင်အောင် ဘယ်လိုပြုပြင်ရမယ်၊ ဘယ်လိုစက်ကိရိယာမျိုး သုံးရမယ်ဆိုတာ ပညာရှင်တွေနှင့် ချက်ချင်းဆွေးနွေးနိုင်ပါတယ်။

ဆန်ကုန်သည်ကြီးများအနေနှင့်လည်း မြန်မာနိုင်ငံမှာ လက်ရှိစိုက်ပျိုးနေကြတဲ့စပါးတွေကို လက်တွေ့ကြည့်ရှုလေ့လာနိုင်ပါတယ်။ အရည်အသွေးကောင်းပြီး နိုင်ငံခြားဈေးကွက်က ကြိုက်တဲ့စပါးတွေကို ရွေးချယ်နိုင်ပါတယ်"ဟု ကြေးမုံသို့ရှင်းပြသည်။

ပြခန်းများ

ထို့နောက် မိမိတို့ကြေးမုံအဖွဲ့သည် ပြခန်းများ ဆောက်လုပ်ရေးနှင့် ပထမထပ်မှာလည်း ဆန်စက်နှင့် ပတ်သက်တဲ့ပြခန်း၂၀ ပြသမှာမို့ ဆန်စက်နှင့်ဆိုင်တဲ့ ပြခန်း ၁၅၀ ဖြစ်ပါတယ်။

ဒုတိယထပ်မှာကျတော့ စာတမ်းဖတ်ပွဲလုပ်ပါမယ်။ နံနက်ပိုင်းမှာ စာတမ်းဖတ်ပြီး ညနေပိုင်းမှာတော့ လာရောက်ကြည့်ရှုတဲ့ ပရိသတ်ကို ဖျော်ဖြေတဲ့အစီအစဉ် လုပ်ထားပါတယ်။ တတိယထပ်မှာတော့ ပြည်ပအမြဲတမ်း ပို့ကုန်ပြခန်း ပြသထားပါတယ်။ ဆန်စက်နှင့် ပတ်သက်တဲ့ ပြခန်း၁၅၀ထဲမှာ နိုင်ငံခြားကုမ္ပဏီငါးခုပါမယ်။ စက်မှုဇုန်တွေက ခုနစ်ခု၊ ကျန်တာတွေကတော့ ပုဂ္ဂလိက ဆန်စက်ပစ္စည်းရောင်းချတဲ့ ကုမ္ပဏီတွေက ၂၄ခု ပြသမှာ ဖြစ်တဲ့အတွက် အားလုံး ကုမ္ပဏီပေါင်း၃၆ ခု လာရောက်ပြသထားပါတယ်။ ပြည်ပက လာရောက်ပြသတဲ့ ကုမ္ပဏီငါးခုကတော့ မလေးရှားနိုင်ငံက နှစ်ခု၊ ကိုရီးယားနိုင်ငံက ကုမ္ပဏီတစ်ခု၊ အိန္ဒိယနိုင်ငံက ကုမ္ပဏီ တစ်ခု၊ ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုတို့ ဖြစ်ကြပါတယ်။

အခုပြခန်းတွေမှာ အဓိက ပြကြမှာကတော့ ဆန်စက်တွေ၊ ဆန်စက်အပိုပစ္စည်းတွေ၊ဆန်ကြိတ်ခွဲထုတ်လုပ်ရာမှာအသုံးပြုတဲ့ သွယ်ဝိုက်ပစ္စည်းတွေကို ပြသထားပါတယ်" ဟုကြေးမုံသို့ ရှင်းပြသည်။

လုပ်ငန်းရှင်များ

မိမိတို့ ကြေးမုံသတင်းအဖွဲ့သည် မြန်မာ့ဆန်စက်လုပ်ငန်း ပြပွဲတွင် လာရောက်ပြသကြသည့် ဆန်စက်လုပ်ငန်းရှင်အချို့ကိုလည်း သွားရောက်တွေ့ဆုံခဲ့သည်။ ပထမဦးစွာ မန္တလေးမြို့တွင် ပြသခဲ့သည့် မြန်မာ့စက်မှုလက်မှုပြပွဲ ၂၀၀၃ ပြပွဲတွင် ရွှေတံဆိပ်ဆုတစ်ဆုနှင့် တီထွင်ကြံဆမှု အထူးဆုရရှိခဲ့သည့် သောင်းဝင်းစက်မှုလက်မှုမှ ဦးသောင်းဝင်းနှင့် တွေ့ဆုံရာ မေးမြန်းခဲ့သည်။ ဦးသောင်းဝင်းက "ကျွန်တော်တို့ရဲ့ သောင်းဝင်းစက်မှုလက်မှုကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က စတင်လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ ဆန်စက်များ ခေတ်မီစွာနှင့် အရည်အသွေးမြင့်တင်ရေးအတွက် နိုင်ငံခြားဖြစ် ဆန်စက်နှင့် စက်ပစ္စည်းများကိုသာအားကိုးမနေဘဲ မိမိနိုင်ငံမှ ထွက်ရှိတဲ့ စပါးအရည်အသွေးနှင့် ကိုက်ညီတဲ့ ခေတ်မီ ဆန်စက်ပစ္စည်းများကို ပြည်တွင်းမှာ ရရှိနိုင်တဲ့ ကုန်ကြမ်း၊ ကုန်ချောများနှင့် ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ကျွန်တော်တို့ရဲ့ သောင်းဝင်းစက်မှုလက်မှုကို တည်ထောင်ခဲ့တာပါ။

ကျွန်တော်တို့ ထုတ်လုပ်တဲ့ ပစ္စည်းတွေကတော့ ခေတ်မီ စပါးအခွံချွတ်စက်၊ စပါးနှင့် လုံးတီးခွဲခြားစက်၊ ဆန်ဖြူဖွတ်စက်၊ ဆန်အရောင်တင်စက် စသည်တို့ကို ထုတ်လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်တဲ့ စက်တွေဟာ တစ်ရက်ကို တန် ၅၀ ကနေ တန် ၁၀၀၊ ၂၀၀၊ ၃၀၀ ကျတဲ့ စက်တွေမှာ တပ်တဲ့ စက်ပစ္စည်းတွေပါ။ အခုဆိုရင်လည်း လှိုင်သာယာမှာ ဆန်လုံးတီးကနေပြီးတော့ ဆန်အချော ထွက်တဲ့အထိ၊ နိုင်ငံခြားကိုတင်ပို့ရောင်းချနိုင်တဲ့အထိ ကြိတ်နိုင်တဲ့ ဆန်စက်တစ်ခုကို တည်ဆောက်ထားပါတယ်။ ဆန်ကို ပုလဲလို ပြောင်လက်နေတဲ့ အရည်အသွေးထိ ထုတ်လုပ်နိုင်ပါတယ်။ အဲဒီဆန်မျိုးကိုလည်း နိုင်ငံခြားက ကြိုက်နှစ်သက်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖွဲမကပ်ဘူး၊ တာရှည်အထားခံတယ်၊ ပိုးမွှားဖျက်ဆီးမှုနည်းတဲ့အတွက် ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဘိလပ်ဆန်ခါ

ဦးမောင်မောင်ခင်နှင့် သားများ ဘိလပ်ဆန်ခါ လုပ်ငန်းသို့လည်း သွားရောက်ကာ လုပ်ငန်းတာဝန်ခံ ဒေါ်စိန်စိန်မြင့်နှင့် တွေ့ဆုံခဲ့သည်။ ဒေါ်စိန်စိန်မြင့်က "ကျွန်မကတော့ ဦးမောင်မောင်ခင်နှင့်သားများ ဘိလပ်ဆန်ခါလုပ်ငန်းမှ လုပ်ငန်းတာဝန်ခံ ဒေါ်စိန်စိန်မြင့်ဖြစ်ပါတယ်။ ကျွန်မတို့ ထုတ်လုပ်တဲ့ ဘိလပ်ဆန်ခါဟာ ဆန်စက်ကြီးတွေမှာ လုံးတီးနှင့် စပါးကို ခွဲခြားပေးတဲ့ စက်ကိရိယာတစ်ခု ဖြစ်ပါတယ်။ ဒီစက်ဟာ ဆန်စက်ကြီးတွေမှာ မရှိမဖြစ် လိုအပ်ပါတယ်။ ကျွန်မတို့စက်ပစ္စည်းတွေကို မြန်မာလယ်ယာရောင်းဝယ်ရေးပိုင် ဆန်စက်များဖြစ်တဲ့ တန် ၁၀၀၊ ၇၅ တန်တို့ ထွက်ရှိတဲ့ ဆန်စက်တွေမှာ အသုံးပြုနေပါတယ်။

ကျွန်မတို့ရဲ့ ဘိလပ်ဆန်ခါ လုပ်ငန်းကို လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ ကျွန်မတို့အဘိုးလက်ထက်ကတည်းက လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီဘိလပ်ဆန်ခါဟာ လုံးတီးဆန်နှင့် စပါးလုံးများကို ရာနှုန်းပြည့်သန့်စင်ရွေးချယ်ပေးနိုင်ပါတယ်။ နောက်ပြီး ပဲအမျိုးမျိုးကိုလည်း ရွေးချယ်သန့်စင်ပေးနိုင်ပါတယ်"ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။

နမူနာယူ

ကြေးမုံသတင်းအဖွဲ့သည် ပြည်တွင်းဖြစ်ဆန်စက်အပိုပစ္စည်းအရောင်းဆိုင်ဖြစ်သည့် ဦးစိန်ဝင်းနှင့်ညီများ ပြခန်းသို့လည်း သွားရောက်ကာ ဦးစိန်ဝင်းနှင့် တွေ့ဆုံခဲ့သည်။ ဦးစိန်ဝင်းက "ကျွန်တော်တို့ လုပ်ငန်းအနေနှင့်၁၉၇၈ခုနှစ်ကနေပြီးတော့ ဆန်စက်အပိုပစ္စည်းများကို ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီကနေဆက်နွှယ်ပြီးတော့ ကတ္တားတို့၊ အမှုန့်ကြိတ်စက်တို့ပါ ထုတ်လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်တာကတော့ ဆန်လုံးတီးခွဲသည့်ငါးပုံကျောက်၊ ဆန်ကို အဖြူချွတ်သည့် ဆန်ဖြူကျောက်တွေကိုလည်းထုတ်လုပ်ပါတယ်။ စပါးတင်း ၂၀ ကနေ တန် ၄၀ အထိကျတဲ့ စက်တွေမှာအသုံးပြုပါတယ်။ ကျွန်တော်တို့အနေဖြင့် ပြည်တွင်းကရရှိတဲ့ ကုန်ကြမ်းတွေကိုပဲ အသုံးပြုပြီး ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ ယခုနိုင်ငံခြားက ဝင်ရောက်လာကြတဲ့ စက်တွေကို နမူနာယူပြီးတော့ ကျွန်တော်တို့ နိုင်ငံနှင့်ကိုက်ညီတဲ့ စက်ပစ္စည်းတွေကို ထုတ်လုပ်ပါတယ်"ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။

(ကြေးမုံ)

ရန်ကုန်ရောက် ပုသိမ်မြို့မှ ဆရာကြီး၊ ဆရာမကြီးများအား တပည့်များက ပူဇော်ကြမည်

ရန်ကုန် ဇန်နဝါရီ ၇

ပုသိမ်မြို့ ဟိုက်စကူးကျောင်း၊ နေရှင်နယ်ကျောင်း၊ အေဘီအမ် (မိန်းကလေး)ကျောင်းမှ ရန်ကုန်မြို့တွင် နေထိုင်ကြသော ဆရာကြီး၊ ဆရာမကြီးများအား(၂၁)ကြိမ်မြောက်အဖြစ် ရန်ကုန်ရှိ တပည့်များက ဇန်နဝါရီ၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ပူဇော်ကြမည်ဖြစ်၍ စမ်းချောင်းမြို့နယ်၊ မြသီးတန် မွေ့ရာကျိုးသို့ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

လင်းနေကျကန်တောရ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မင်းဘူးမြို့ လင်းနေကျကန်တောရ ဆရာတော် ဦးပဏ္ဍိစ္စ၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်ပူဇော်ပွဲကို ယင်းကျောင်းတိုက်တွင် ဇန်နဝါရီ၁၈ ရက်နှင့် ၁၉ ရက်များတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးစိုးမြင့်သူ ဖုန်း–၀၁–၆၅၂၁၈၃၊ ဦးညွန့်သန်း ဖုန်း–၀၁–၅၁၄၀၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၀၄)ထုတ်ပြန်

(ယမန်နေ့မှအဆက်)

စီမံထူးချွန်တံဆိပ်(တတိယဆင့်)

၆၆။ ဦးထွန်းကြည်၊ လက်ထောက်တိုင်းမန်နေဂျာ၊ တနင်္သာရီတိုင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၇။ ဦးကျော်သူ၊ လက်ထောက်တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်း ဟင်္သာတလက်ထောက်တိုင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၈။ ဦးဘသန်း၊ လက်ထောက်တိုင်းမန်နေဂျာ၊ ရန်ကုန်တိုင်း၊ သန်လျင်လက်ထောက်တိုင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၉။ ဦးကျော်ဌေး၊ စက်ရုံမှူး၊ ရန်ကုန်တိုင်း(၀၄) တန်(၁၀၀)ဆန်စက်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၇၀။ ဦးတင်ဝင်း၊ စက်ရုံမှူး၊ ပဲခူး(အနောက်)တိုင်း၊ လက်ပံတန်း တန်(၂၅) ဆန်စက်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန။

၇၁။ ဒေါ်ဉမ္မာစိန်၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၇၂။ ဦးရဲထွန်း၊ အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၇၃။ ဦးစိန်မင်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၇၄။ ဦးစက်ကြည်၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ (မြို့ပြ)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၄)၊ ခန္တီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၅။ ဒေါ်စီသန်း၊ အင်ဂျင်နီယာမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၅)၊ ရဲနွယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၆။ ဦးလှထွန်း၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ ဧရာဝတီတံတား(မကွေး) စီမံကိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၇။ ဦးဝင်းကြည်၊ အင်ဂျင်နီယာမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၄)၊ ရွှေလီတံတား၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၈။ ဦးဆန်းလွင်၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မအီ–ကျောက်ဖြူလမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၉။ ဦးမြင့်အောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂)၊ (မြို့ပြ)၊အဆောက်အအုံအထူးအဖွဲ့(၄)၊ ရန်ကုန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၀။ ဦးအောင်ခိုင်၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့(၄)၊ ဒါးက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၁။ ဦးငွေထွန်း၊ အင်ဂျင်နီယာမှူးကြီး၊ (မြို့ပြ)၊လမ်းဦးစီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၂။ ဦးကျော်သူ၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးဖွဲ့(၁)၊ ရန်ကုန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၃။ ဦးတင်ထွဋ်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ လုံးတော်ပေါက်တံတား၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၄။ ဦးတင်စိုး၊ အင်ဂျင်နီယာမှူး(မြို့ပြ)၊ မင်းကြောင်းချောင်းတံတား၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၅။ ဦးစိုးတင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ လမ်းအထူးအဖွဲ့(၂)၊ပြည်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၆။ ဦးစိုးတင့်၊ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၇။ ဦးထင်အောင်၊ အင်ဂျင်နီယာမှူး(စက်မှု)၊ ပင်မအလုပ်ရုံ(မြောက်)၊ မန္တလေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၈။ ဦးကျော်ညွန့်၊ အင်ဂျင်နီယာမှူး(စက်မှု)၊ သံလွင်တံတား(မော်လမြိုင်) စီမံကိန်း၊ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၉။ ဦးကျော်လှိုင်၊ အင်ဂျင်နီယာမှူး(မြို့ပြ)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၅)အမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၉၀။ ဦးအောင်ဖြူ၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်း၊ သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန။

၉၁။ ဦးစောလွင်၊ ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမဝန်ကြီးဌာန။

၉၂။ ဒေါ်ညိုညိုဝင်း၊ ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမဝန်ကြီးဌာန။

၉၃။ ဒေါ်ဝင်းစိန်၊ ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမဝန်ကြီးဌာန။

၉၄။ ဒေါ်တင်ဆွေအေး၊ ညွှန်ကြားရေးမှူး၊အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊သမဝါယမဝန်ကြီးဌာန။

၉၅။ ဒေါ်လှလှကြိုင်၊ ညွှန်ကြားရေးမှူး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်)၊ သမဝါယမဝန်ကြီးဌာန။

၉၆။ ဒေါ်ခင်ခင်သွဲ့၊ ညွှန်ကြားရေးမှူး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)၊ သမဝါယမဝန်ကြီးဌာန။

၉၇။ ဦးမင်းထွန်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၉၈။ ဦးအောင်သန်း၊ လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၉၉။ ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၀။ ဦးဘုန်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၁။ ဦးစိုးသီဟ၊ ညွှန်ကြားရေးမှူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၂။ ဦးဘိုအောင်၊ မန်နေဂျာ၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၃။ ဦးအောင်စိုး၊ လ/ထညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၄။ ဦးဇော်ဝင်းနိုင်၊ လ/ထညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၅။ ဒေါ်သန်းဆွေ၊ လ/ထညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၆။ ဦးအောင်သန်း၊ ဒု–လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၇။ ဦးတိုးအောင်ကျော်၊ ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၈။ ဦးတင်နု၊ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၉။ ဦးဇော်ဝင်း(၁)၊ ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၁၀။ ဦးဝင်းချို၊လ/ထ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၁၁။ လ–၁၂၈၃၆၉၊ ရဲမှူးဝင်းနိုင်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၂။ လ–၅၇၁၇၅၊ ရဲမှူးကျော်ဆန်း၊ တာချီလိတ် မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၃။ လ–၁၂၈၅၂၁၊ ဒု–ရဲမှူးမြင့်သိန်း၊ လားရှိုး မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၄။ လ–၈၁၇၈၄၊ ဒု–ရဲမှူးလှကြည်၊ဗန်းမော် မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၅။ ဦးနီကုန်း(ပ/၂၉၁၃)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၆။ ဦးစိန်ထွန်း(ပ/၂၉၂၉)၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊သရက်မြို့၊ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၇။ ဦးမျိုးချစ်(ပ/၃၃၉၀)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၈။ ဦးစိန်ညွန့်(ပ/၃၂၃၅)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊တောင်ကြီးမြို့၊ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၉။ ဦးအောင်မြင့်(ပ/၂၉၈၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၀။ ဦးကျော်ဝင်း(ပ/၃၄၃၅)၊မြို့နယ်အုပ်ချုပ်ရေးမှူး၊ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ)။

၁၂၁။ ဦးမြင့်ဦး(ပ/၂၉၀၅)၊မြို့နယ်အုပ်ချုပ်ရေးမှူး၊ဆင်ပေါင်ဝဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ဆင်ပေါင်ဝဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၂။ ဦးဝေမျိုးခိုင်(ပ/၃၀၇၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ပုဏ္ဏားကျွန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၃။ ဦးတင်ဝင်း(ပ/၃၁၅၅)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန(ဥက္ကဋ္ဌ၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၄။ ဦးခင်မောင်အေး(ပ/၃၅၆၂)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန(ဥက္ကဋ္ဌ၊သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၅။ ဦးခင်ဇော်(ပ/၃၆၀၀)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၆။ ဦးတင်လှိုင်(ပ/၃၂၉၈)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နမ့်ခမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန(ဥက္ကဋ္ဌ၊ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၇။ ဦးတင့်လှိုင်(ပ/၃၅၆၄)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊[ဥက္ကဋ္ဌ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ]။

၁၂၈။ ဦးတင်ရီ(ပ/၃၃၂၂)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၉။ ဦးစန်းဌေး(၆/၃၅၈၁)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၀။ ဦးမြကြိုင်(ပ/၃၁၈၄)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၁။ ဦးစိုးသိန်း(ပ/၃၅၆၃)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၂။ ဦးတင်အုန်း(ပ/၃၄၃၈)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၃။ ဦးစံငွေ(ပ/၂၈၈၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၄။ ဦးအေးလွင်(ပ/၃၇၀၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၅။ ဦးအောင်ကျော်ဦး(ပ/၃၇၇၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ ထားဝယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၆။ ဦးစိုးနိုင်(ပ/၃၇၆၀)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ (ဥက္ကဋ္ဌ၊ သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၇။ ဦးမြင့်ဆွေ၊ စာတည်းမှူး၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၃၈။ ဦးမွေးကြည်၊ စာတည်းမှူး၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၃၉။ ဦးဇော်ဝင်း၊ မန်နေဂျာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၄၀။ ဒေါ်ခင်ညိုဝင်း၊ မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၄၁။ ဒေါ်ခင်ခင်ဝင်း၊ မန်နေဂျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၄၂။ ဦးတင့်ဆွေ၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၃။ ဦးစိုးသိန်း၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၄။ ဦးခင်မောင်စိုး၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၅။ ဦးတင်မောင်ရွှေ၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၆။ ဦးမြင့်မောင်ကျော်၊ ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၄၇။ ဦးသန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန။

၁၄၈။ ဗိုလ်မှူးစိုးတင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ မြစ်ကြီးနားမြို့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၄၉။ ဗိုလ်ကြီး အောင်တင်ကျော်၊ လ/ထညွှန်ကြားရေးမှူး၊ ပြည်နယ်/ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ မြစ်ကြီးနားမြို့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၅၀။ ဦးစိုးစံ၊ ကျောင်းအုပ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ လွိုင်ကော်မြို့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၅၁။ ဦးသန်းအောင်၊ ကျောင်းအုပ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ လေရှီးမြို့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ➪

➪ စာမျက်နှာ ၁၀ မှအဆက်

၁၅၂။ ဒေါ်သန်းသန်းလွင်၊ ကျောင်းအုပ်၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ ရေးမြို့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။
၁၅၃။ ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူး၊ လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။
၁၅၄။ ဒေါ်ချိုချိုခင်၊ အင်ဂျင်နီယာမှူး၊ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။
၁၅၅။ ဦးစောထွန်း၊ မန်နေဂျာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၅၆။ ဦးထွန်းအေး၊ ကက်ပတိန်၊ (ကမ်းရိုးတန်းသွား) မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၅၇။ ဦးသီဟ၊ ကက်ပတိန်၊ (ကမ်းရိုးတန်းသွား) မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၅၈။ ဦးကိုကိုမောင်၊ ကက်ပတိန်၊(ကမ်းရိုးတန်းသွား)မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၅၉။ ဦးကိုကိုအောင်၊ အင်ဂျင်နီယာမှူး၊ (နိုင်ငံခြားသွား)မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၆၀။ ဦးဒေးဗစ်ဂရင်းဒေါလ်၊ရေကြောင်းဌာနမှူးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၆၁။ ဦးတင်ထွဋ်၊ နည်းပြအရာရှိ၊ ရေကြောင်းပညာသိပ္ပံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၆၂။ ဦးအောင်စိုး၊ လက်ထောက်မန်နေဂျာ၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၆၃။ ဦးထွန်းထွန်း၊ ဒုအရာရှိ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၆၄။ ဒေါ်သန်းသန်းနွယ်၊ မန်နေဂျာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၆၅။ ဦးမြတ်သူရ၊ ညွှန်ကြားရေးမှူး(စီမံ)၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။
၁၆၆။ ဦးစိန်ဝင်း၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။
၁၆၇။ ဒေါ်ခင်ကြွယ်ဦး၊ ပါမောက္ခ(မြန်မာစာ)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။
၁၆၈။ ဒေါ်အေးအေးနွယ်၊ ပါမောက္ခ(သမိုင်း)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။
၁၆၉။ ဒေါ်ခင်ကြည်ပြာ၊ ပါမောက္ခ(စီမံ)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။
၁၇၀။ ဦးတင်ထွေး၊ ဒုတိယအထွေထွေမန်နေဂျာ၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၁၇၁။ ဦးစိုး၊ ကျောင်းအုပ်ကြီး၊ ရုံးချုပ်အခြေစိုက်၊ မွမ်းမံလေ့ကျင့်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၁၇၂။ ဦးအေးကျော်၊ ဒုတိယအထွေထွေမန်နေဂျာ၊ ပစ္စည်းဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၁၇၃။ ဦးစံတင်၊ ရုံးအဖွဲ့မှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး။
၁၇၄။ ဦးခင်မောင်ညွှန့်၊ လက်ထောက်အထွေထွေမန်နေဂျာ၊ လုပ်ငန်းနှင့် စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၁၇၅။ ဦးဇော်ဝင်း(မ ၁၈၉၄)၊ ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၁၇၆။ ဦးကျော်စိုး(မ ၆၉၄၃)၊ ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန။
၁၇၇။ ဦးမြသိမ်း(မ ၁၈၉၁)၊ ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၁၇၈။ ဦးဝင်းမောင် (မ ဝ၇၀၁)၊ ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၁၇၉။ ဦးမောင်မောင်စိုး(မ ဝ၆၇၃)၊ ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၁၈၀။ ဦးဝင်းဆွေ၊ အမှုဆောင်အင်ဂျင်နီယာ(ခ)(စက်မှု)၊ ထောက်ရှာပင် ရေနံမြေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။
၁၈၁။ ဦးရဲဝင်း၊ အမှုဆောင်အင်ဂျင်နီယာ(ခ)(သယ်ပို့/စက်ပြင်)၊သာကြီးထောင် ရေနံမြေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။
၁၈၂။ ဦးမြင့်ဆေ၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ(တူးဖော်ရေး)၊ အင်းတော် ရေနံအစမ်းတွင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)၊ စွမ်းအင်ဝန်ကြီးဌာန။
၁၈၃။ ဦးဘန်ချိန်း(ဝဝ၆၆)၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ တာဝန်ခံအင်ဂျင်နီယာ၊ အင်ဂျင်နီယာ မြောက်ပိုင်းနယ်(မန္တလေး)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။
၁၈၄။ ဦးရွှေမြတ်သာ၊ လက်ထောက်ဘူမိဗေဒအရာရှိ၊ စက်မှုနည်းပညာ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
၁၈၅။ ဦးအေးကို၊ လက်ထောက်ဘူမိဗေဒအရာရှိ၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
၁၈၆။ ဦးမြင့်ဝင်း၊ လက်ထောက်ကထိက၊ စက်မှုပုံစံပြုဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
၁၈၇။ ဒေါက်တာအေးအေးခိုင်၊ သရုပ်ပြ၊ ဇီဝနည်းပညာဌာန၊ အစိုးရနည်းပညာကောလိပ်၊ ကျောက်ဆည်မြို့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
၁၈၈။ ဦးခင်မောင်ချို၊ ဒုတိယပါမောက္ခချုပ်၊ မြိတ်တက္ကသိုလ်၊ မြိတ်မြို့၊ ပညာရေးဝန်ကြီးဌာန။
၁၈၉။ ဦးစိန်မြင့်၊ ညွှန်ကြားရေးမှူး(စီမံ)၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၁၉၀။ ဦးအေးသိန်း၊ ညွှန်ကြားရေးမှူး(ပညာ)၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၁၉၁။ ဦးလှအောင်၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ)၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၁၉၂။ ဦးကျော်ဟိုး၊ ညွှန်ကြားရေးမှူး(ပညာ)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၁၉၃။ ဒေါ်မြမြကြည်၊ ကျောင်းအုပ်ကြီး၊တောင်ကြီးပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန။
၁၉၄။ ဦးလှသန်း၊ ပညာရေးအရာရှိ(ငြိမ်း)၊ ကျွမ်းကျင်သူ၊ ဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန။
၁၉၅။ ဒေါ်ခင်မျိုးမြင့်၊ ပညာရေးအရာရှိ၊ ဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန။
၁၉၆။ ဦးတင်ဝင်း၊ ပညာရေးသုတေသနအရာရှိ၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့၊ ပညာရေးဝန်ကြီးဌာန။
၁၉၇။ ဒေါ်မြင့်မြင့်၊ လက်ထောက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ပညာရေးဝန်ကြီးဌာန။
၁၉၈။ ဦးခင်မောင်စိန်၊ လက်ထောက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ပညာရေးဝန်ကြီးဌာန။
၁၉၉။ ဒေါ်ထွားတင်၊ မြို့နယ်ပညာရေးမှူး၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်)၊ ပညာရေးဝန်ကြီးဌာန။
၂၀၀။ ဒေါ်တင်အေးဆင့်၊ ကျောင်းအုပ်ကြီး၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ်၊ ပညာရေးဝန်ကြီးဌာန။
၂၀၁။ ဦးကျော်စိုးမြင့်၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၂၀၂။ ဦးသန်းဇော်၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၂၀၃။ ဦးဇော်လင်း၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၂၀၄။ ဦးဉာဏ်ထွန်း၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၂၀၅။ ဦးမောင်ဝင်း၊ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၂၀၆။ ဦးတင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၂၀၇။ ဒေါက်တာစိန်ဝင်း၊ ညွှန်ကြားရေးမှူး(သုတေသန/ဖွံ့ဖြိုးရေး)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။
၂၀၈။ ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေးမှူး(ဆေးဝါး)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။
၂၀၉။ ကြည်း ၁၆၅၂၁၊ ဒုတိယဗိုလ်မှူးကြီးကျော်ဖြိုး၊ ဥက္ကဋ္ဌ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တနင်္သာရီတိုင်း။
၂၁၀။ ကြည်း ၂၁၃၈၀၊ ဗိုလ်မှူးအောင်ဇော်လတ်၊ ဥက္ကဋ္ဌ နမ့်ခမ်းမြို့နယ်၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၂၁၁။ ဗိုလ်မှူးချစ်မြိုင်၊ အတွင်းရေးမှူး၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဧရာဝတီတိုင်း။
၂၁၂။ ဦးတလုပ်ကြီး၊ ဥက္ကဋ္ဌ၊ ပေါက်တန်းကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။
၂၁၃။ ဦးမြင့်ကို၊ ဥက္ကဋ္ဌ၊ ကျုံတွမ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။
၂၁၄။ ဦးလှမြင့်၊ ဥက္ကဋ္ဌ၊လေးအိမ်တန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်း။

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးဝင်းမြင့်၊ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၂။ ဦးစိန်ထွန်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၃။ ဦးတင်ဟန်၊ နည်းပြချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၄။ ဦးခင်ဇော်(ကေသီပန်)၊ ရုပ်ရှင်ဒါရိုက်တာ။
၅။ ဦးရွှေနန်းတင်၊ ယဉ်ကျေးမှုကဇာတ်ရုံ၊ နန်းရှေ့၊ မန္တလေး။
၆။ ဦးရဲဆွေး၊ တိုက်(တီ-ဝမ်း)၊ အခန်း(၁၀၁)၊ သုမင်္ဂလာအိမ်ရာ၊ နန္ဒွင်းကုန်းရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။
၇။ အေဝမ်းဦးစိုးမြင့်၊ အမှတ်(၃၃)၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
၈။ စောင်း ဦးသိန်းဟန်(ဖျာပုံသိန်းဟန်ကြီး)၊ (၃၆၅)ဘီ၊ ရွှေနှင်းဆီကျောင်းလမ်း၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၉။ ဆိုင်းဦးစိန်လှမြိုင်၊ အမှတ်(၄၁)၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
၁၀။ ဦးမြကြီး၊ နဲ၊ တိုက်(၁၈)၊ အခန်း(၃)၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်။
၁၁။ ဦးထွန်းရွှေ (အဆိုတော်)၊ အမှတ် (၁၄၂၆)၊ ကျန်းမာရေးဆေးရုံလမ်း၊ (၁)ရပ်ကွက်၊ ထူပါရုံ၊ သာကေတမြို့နယ်။
၁၂။ ဦးမင်းနောင်၊ အမှတ်(၂၁၈)၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ သမိုင်းစာတိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
၁၃။ ဦးမောင်မောင်ကြီး၊ တိုက်(အိပ်ချ်)၊ အခန်း(၃၀၄)၊ ဒု(ထပ်)၊ မနော်ဟရီရိပ်သာ၊ အမှတ်(၄၇)၊ ဗဟိုလမ်း(လူမှုဝန်ထမ်းဝင်း)၊ အလုံမြို့နယ်။
၁၄။ ဦးလေးညွှန့်၊ အမှတ်(၈၄)၊ မင်းလမ်း၊ မအူပင်မြို့။
၁၅။ ဦးမောင်မောင်လတ်၊ တိုက်(၆၈)၊ အခန်း(၅)၊ (ရေနံတိုက်)၊ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၁၆။ ဒေါ်တင်အေး(ထား)၊ အမှတ်(၉)၊ နဝဒေးလမ်း၊ မရမ်းကုန်းမြို့နယ်။
၁၇။ ဒေါ်နွဲ့နွဲ့စန်း၊ တိုက်(၈၀)၊ အခန်း(၁)၊ ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်။
၁၈။ ဒေါ်အမာစိန်၊ အမှတ်(၁၅၂)၊ (၃၄)လမ်း၊ ရန်ကုန်မြို့။
၁၉။ ဒေါ်စံရှားတင်၊ (၄၂/၉)ဘီ (၃)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ရန်ကုန်မြို့။
၂၀။ ဦးမြင့်သိန်း၊ အရောင်းအဝယ် (ရေခဲရောင်းဝယ်ရေး)၊ အမှတ်-၁၃၃၉၊ ဗိုလ်ချုပ်(၃)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း။
၂၁။ ဦးတင်မောင်မြင့်၊ ဈေးရောင်း၊ အမှတ်(၆၄၁)၊ မင်းစေတီလမ်းသွယ်(၁)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၂။ ဦးဝင်းမြင့်၊ တောင်သူဘောဂဗလဆန်စက်ရှေ့၊စက်ကွေ့ရပ်၊မြစ်ငယ်မြို့၊ မန္တလေးတိုင်း။
၂၃။ ဦးခင်စိုး၊ ကျောင်းလုံခြုံရေး၊ အလက(၄)၊ မရမ်းကုန်း-၂ ရပ်ကွက်၊ ပညာရေးဝန်ကြီးဌာန။
၂၄။ ဦးမင်းခိုင်သန်း၊ အလယ်တန်းပြ၊ အထက၊ ကမာဝတ်၊ မုဒုံမြို့နယ်၊ ပညာရေးဝန်ကြီးဌာန။
၂၅။ ဦးညွှန့်ဝေ၊ ဒုကြီးကြပ်ရေးမှူး(သစ်ခွဲစိတ်)၊ အမှတ်(၁) သစ်စက်၊ သစ်တောရေးရာဝန်ကြီးဌာန။
၂၆။ ဦးစိုင်းမြင့်အေး၊ တပ်မတော်အငြိမ်းစား၊ အမှတ်(၂၀၃)၊ မြသန္တာရပ်ကွက်၊ ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်း။
၂၇။ ဦးမြမောင်၊ အငြိမ်းစား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၃၆၅)၊ အောက်ကြည့်မြင်တိုင်လမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၂၈။ ဦးစိန်သန်း၊ ပုံနှိပ်ကျွမ်းကျင်-၄ (ဗလာ)၊ ဗလာစာအုပ်ချုပ်ဌာန၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂၉။ ဒေါ်သန်းသန်းနွဲ့၊ စာရင်းစစ်၊ စာရင်းစစ်ချုပ်ရုံး။
၃၀။ ဦးတင်အေး၊ အငြိမ်းစား၊၂၄/၂၀ရန်ပြေအရှေ့(၅)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၃၁။ ဦးမြင့်အောင်(ခ) မျိုးမြင့်မောင်၊ ဦးစီးအရာရှိ (စုံစမ်းရေး)၊ စီမံရေးရာဌာနစု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။
၃၂။ ဦးစိုးမြင့်၊ ဒု-ကြီးကြပ်ရေးမှူး၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ၊ အမှတ်(၈)လိုင်း၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၃၃။ ဦးစန်းဦး၊ ထုတ်ကျွမ်း၊ အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၁)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။
၃၄။ လေ ၁၈၈၄၉၊ တပ်ကြပ်ကြီးဉာဏ်ဝင်း၊ တပ်ကြပ်ကြီး ကွန်ပျူတာဌာနမှူးရုံး၊ လေတပ်(တပ်ဖွဲ့)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။
၃၅။ ကိုယ်ပိုင်အမှတ်-၂၉၉၄၃၂၊ ဒုတိယအရာခံဗိုလ်ထွန်းမင်း၊ တပ်မတော်မှတ်တမ်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၃၆။ ဦးမြင့်သန်း၊ မထသခွဲ(၅)၊ ၃၈ ဘတ်(စ်) အစိမ်းလိုင်း၊ ယာဉ်လုပ်သား၊ ရန်ကုန်တိုင်း၊ ၂၅/ပြည်သာယာလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။
၃၇။ ဦးစိုးရှိန်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအဖွဲ့၊ ဘဏ္ဍာငွေရှာဖွေရေး၊ တွဲဖက်အတွင်းရေးမှူး၊ ၃၃၇/လှော်ကားလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။
၃၈။ ဦးမြင့်ထွန်း(ဆလက/ ၃၂၀၆၅)၊ အငယ်တန်းအင်ဂျင်နီယာ-၂(လျှပ်စစ်)၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၃၉။ ဦးသန်းကြိုင်၊ လုပ်သားမှူး/ရေသန့်စက်၊ အင်ဂျင်နီယာဌာနစိတ်၊ အမှတ်(၂)အထပ်သားစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၄၀။ ဦးကံညွှန့်၊ အမှုတွဲထိန်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (ပြင်ပသင်တန်း)၊ ပညာရေးဝန်ကြီးဌာန။
၄၁။ ဦးသိန်းရွှေ၊ အဝတ်လျှော်-၄၊ နိုင်ငံတော်သမ္မတရုံး။
၄၂။ ဦးတင်လှ၊ ယာဉ်မောင်း၊ ရ/၁၀/၂၁၇(ခ) ရွှေဝါဖူးပန်းခြံ၊ ရွှေပြည်သာ၊ ရန်ကုန်တိုင်း။
၄၃။ ဦးဝင်းမြင့်၊ စက်မှုကျွမ်းကျင်(၅)၊ စက်ကိုင်၊ အမှတ်(၁)ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၄၄။ ဦးကျော်ထွန်း၊ တိုင်းပညာရေးမှူး(စစ်ဆေး)ငြိမ်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းပညာရေးမှူးရုံး၊ မန္တလေး။
၄၅။ ဦးခင်မောင်ရွှေ၊လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေး၊ ကျန်းမာရေးဝန်ကြီးဌာန။
၄၆။ ဦးစိတ္တရ(ခ)ဦးရဲဆု၊ သံဃာတော်၊မဟာဝိဇ္ဇေဒယကျောင်းတိုက်၊ ဘုရားလမ်းရပ်ကွက်၊ ကော့မှူးမြို့၊ ရန်ကုန်တိုင်း။
၄၇။ ဦးတင်ဝင်း၊ ရုပ်ရှင်/ဓာတ်ပုံ(စက်မှု)၊ အမှတ်-၇၅၄၊ ပုဏ္ဏမီလမ်း၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်း။
၄၈။ ဦးမြင့်ဆွေ၊ စက်မှုကျွမ်းကျင်-၁၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၄၉။ ဦးထွန်းမြင့်၊လုပ်သားမှူး၊ မြန်မာ့သစ်လုပ်ငန်း၊သစ်တောရေးရာဝန်ကြီးဌာန။
၅၀။ ဦးတင်မြင့်၊ ဂဟေ(၅)၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၊ သံကိုယ်ထည်(၁)၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၅၁။ ဦးကြည်လင်း၊ လုပ်သားမှူး(လုံခြုံရေး)နယ်မြေ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
၅၂။ ဦးစောအောင်၊လျှပ်စစ်ကျွမ်းကျင်(၃)၊ လျှပ်စစ်ဌာန၊ စစ်ကိုင်း၊ချည်မျှင်နှင့်အထည်စက်ရုံအမှတ်(၁)၊ စစ်ကိုင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၅၃။ ဦးသိန်းဟန်၊ လက်ထောက်ကြီးကြပ်ရေးမှူး၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရန်ကုန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၅၄။ ဦးဝင်းဌေး၊ စက်မှုကျွမ်းကျင်(၅)၊ စက်ကိုင်၊ အမှတ်(၁)၊ ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်)

သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၇

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်တို့လိုက်ပါလျက် ဒီဇင်ဘာ ၂၉ရက်တွင် ကျိုင်းတုံသို့ရောက်ရှိပြီး ဆက်လက်ထွက်ခွာခဲ့ရာ မိုင်းမသို့ရောက်ရှိစဉ် မြေဧက ၁၀၀ကျော်ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ဘိန်းအစားထိုးသီးနှံဖြစ်သည့် သရက်ပင် စိုက်ပျိုးရေးခြံသို့ ဝင်ရောက်လေ့လာပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် မိုင်းလားသို့ ဆက်လက်ထွက်ခွာပြီး မိုင်းလားရှိ အထူးဒေသ(၄)မှ တာဝန်ရှိသူများလိုက်ပါလျက် ဒွေနဂရ ရွှေစေတီတော်မြတ်အား ဖူးမြော်၍ ဒွေနဂရကျောင်းဆရာတော် ဦးဆန္ဒဝံတောအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ပြောကြား

ဒီဇင်ဘာ ၃၀ရက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် မိုင်းပေါက်မြို့ နောင်ခမ်းဘုန်းကြီးကျောင်း ဆရာတော် ဦးသုခမ်းအား သင်္ကန်းနှင့် ဆေးပစ္စည်းများ လှူဒါန်းပြီးနောက် မိုင်းပေါက်အထက်တန်းကျောင်းကို ကြည့်ရှု၍ မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ထို့နောက် မိုင်းပေါက်ဒေသမှ ခေါင်းဆောင်များအား တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းပေါက်မြို့မှ ထွက်ခွာခဲ့ရာပန်ဆန်းမြို့သို့ ရောက်ရှိပြီး မစ်စင်ဟိုတယ်၌ ပန်ဆိုင်းဒေသ တိုင်းရင်းသား ခေါင်းဆောင် ဦးပေါ်လိုက်ခမ်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် မဟာပံသုသီဂီစေတီတော်အား ဖူးမြော်ပြီး ရွှေထီးကျောင်းတိုက် ဆရာတော် ဦးကောလိရအား ဆင်းတုတော်၊ သင်္ကန်း၊ ဆေးပစ္စည်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဝန်ကြီးသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆေးရုံသို့ သွားရောက်ကြည့်ရှုသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည်မက်မန်းသာသနာပြုဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဆန္ဒာသိရိအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ငွေကျပ်ငါးသိန်း၊ သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော သင်္ကန်းနှင့် ဆေးဝါးပစ္စည်းများ ဆက်ကပ်ကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဒီဇင်ဘာ ၃၁ရက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် မက်မန်းမြို့မှ နံနက်ပိုင်းတွင် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် မိုင်းမောမြို့သို့ ရောက်ရှိပြီး ဘိန်းအစားထိုးသီးနှံဖြစ်သည့် လက်ဖက်စိုက်ခင်းကို ကြည့်ရှုကြသည်။ ထို့နောက် မိုင်းမောဘုန်းကြီးကျောင်း ဆရာတော် ဦးပညာထံ သွားရောက်ကာ သင်္ကန်းနှင့် ဆေးပစ္စည်းများ လှူဒါန်းပြီး သာသနာရေးရာများ လျှောက်ထားသည်။ ထို့နောက် မိုင်းမောပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဌာနဆိုင်ရာ ဝန်ထမ်းများအား အားပေးစကား ပြောကြားပြီး ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်စသည့် စာအုပ်စာပေများ ပေးအပ်လှူဒါန်းသည်။ ဇန်နဝါရီ ၁ရက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းမောမှ လာရှူးသို့ ထွက်ခွာပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အတူ နဂါးရုံဘုရားအား လှည့်လည်ဖူးမြော်ပြီးနောက် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နောင်ချိုသို့ ရောက်ရှိသည်။ နောင်ချိုမြို့ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၇ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

☆ (၅၉)နှစ်မြောက်မှ

နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ် မဟာဗျူဟာဖြင့် ချေမှုန်းရေး၊ နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဒို့တာဝန် အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက် မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် လိုကြောင်း။

စစ်ရေးပြ စစ်ကြောင်းကြီးများမှ တပ်မတော်သားများ အားမာန်အပြည့်ဖြင့် ချီတက်စစ်ရေးပြနိုင်ရေး၊ အားအင်ပြည့်ဝ စိတ်ဓာတ်တက်ကြွစွာဖြင့် တပ်မတော်၏ဂုဏ်၊ နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရေးတို့ကို ဦးတည်၍ လုပ်ငန်းအလိုက် တက်ညီလက်ညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ စစ်ရေးပြ စစ်ကြောင်းကြီးများ တည်းခိုမည့် စခန်းများ၌ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ကျွေးမွေးရေးနှင့် စနစ်တကျ တည်းခိုနေထိုင်နိုင်ရေးတို့အတွက် စခန်းအုပ်ချုပ်ရေး တာဝန်ခံများက ကြိုတင်စီစဉ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သန့်ရှင်းသပ်ရပ်မှု၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် အလေးထား ဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးမင်းနိုင်က ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်နှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းအဖွဲ့အလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၁–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၁၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၈။ အကပဒေသာ
- ၈:၂၀ ၉။ ဘိုင်းဒါးရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၁၅ ၆။ လေ့လာမှတ်သားပဟေဠိ ရုပ်မြင်သံကြား (တပ်မတော်နေ့)
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ တေးဂီတအစီအစဉ်
- ၅:၅၀ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၀၀ ၁၀။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
- ၆:၁၅ ၁၁။ **၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် "ပညာရေးမိသားစု လေ့လျော်ပြိုင်ပွဲ"**
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးမြေဆုံးစေတော့ကွယ်" (အပိုင်း–၁)**
- ၇:၅၀ ၁၆။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **"ရွှေလမှာယုန်ဝပ်လို့ ဆန်ဖွပ်သည့် အဘိုးအို" (ကျော်ရဲအောင်၊ကုသိုလ်၊ ဝင်းနိုင် (အနုပညာ)၊ မြတ်ကေသီအောင်၊ ခိုင်သင်းကြည်၊ ချောရတနာ၊ ဇင်ဇင်ဇော်မြင့်၊ ကောင်းဆင့်သာ) (ဒါရိုက်တာ–ဇော်ဆက်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီ ကြေညာချက်

၁။ စိုက်ပျိုးမြေ(၅)ဧက၊ တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂဝံခင်းလမ်း၊ လျှပ်စစ်မီးနှင့်ရေပြွန်ပေါက် ပြုလုပ်ရန် တစ်ယူနစ်လျှင် ၆၇၀၀၀၀/–ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ကြက်/ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။

၄။ နှစ်ရှည်ပင်အားခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ၊ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်ဒလွန်၊ကြောင်လျှာ၊သံပရာ၊ရှောက်၊ ကျွဲကော၊လိမ္မော်၊ ကွမ်းသီး၊အုန်း၊ငှက်ပျော၊ သဘော်စသည့်အပင်လတ်အုပ်စုများကိုသာစိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့် ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။(၅၀ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့်ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်/ငါးများကို ပြည်တွင်း၊ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် (၅)နှစ်စိုက်ပျိုးပြီးလုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု(မပြု)။

၉။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင်အနည်းဆုံး(၁)ယူနစ်(၅)ဧကမှ အများဆုံး(၂)ယူနစ်(၁၀)ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်း(၃)နှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ဧက၊ ကြက်မွေးမြူရေးလုပ်ငန်း ၁၉၈၃ဧက၊ ငါးမွေးမြူရေးလုပ်ငန်း၇၈၃ဧက၊ စက်မှုလုပ်ငန်း၁၅၅ ဧက၊ စုစုပေါင်း၁၀၅၉၂ဧကခွင့်ပြုချထားပေးပြီးဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ (၆)သိန်းကျော်၊ ဥစားကြက်ကောင်ရေ (၁)သိန်းကျော် စုစုပေါင်းကြက်ကောင်ရေ (၇)သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်ပြည်လမ်းဘက်မှ ဇုန်အဝင်ကတ္တရာလမ်း(၅)မိုင်၊ရန်ကုန်–ပဲခူးလမ်း ဘက်မှ ဇုန်အဝင် ကွန်ကရစ်လမ်းမကြီး (၄)မိုင်၊ ဇုန်အတွင်းမြေသားဂဝံလမ်း၁၀၈မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗွီအေ ဓာတ်အားလိုင်း ၂၈မိုင်၊၄၀၀ဗို့လိုင်း ၅၄မိုင်သွယ်တန်းပေးထားပြီး ၂၄နာရီ ဓာတ်အားသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့်အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင်၁၀၀ဦးသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ထပ်မံ၍ လိုင်း ၅၀၀ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ် သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံတစ်ခု ဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက်မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင် ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကိုလည်း မြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီး ဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့်ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီဖွဲ့စည်းထားပြီး ဇုန်အတွင်းစိုက်ပျိုးရေး လုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာ အရောင်းဆိုင်များဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့်ရဲကင်းစခန်း(၃)ခု ဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း(၁)ခုနှင့်ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရန် စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါ ဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖုန်း–၃၇၀၅၀၈ တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အမှတ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁) တာဝန်ခံ ဖုန်း–၆၆၄၀၉၃ တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း–၆၄၂၂၇ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန အမှတ်(၄၈၆) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း–၃၈၀၂၇၃

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။ ဖုန်း–၆၀၁၁၀၀ EX–၁၄၄

၂၂။ (၅၀%) ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ(၆၀)ယူနစ် (၃၀၀)ဧကေ ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီး ဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေး ကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏ လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများအတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော လုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

သာစည်မြို့နယ် ဝမ်းသာရွာ ဖောင်တန့်နား မဟာစေတီ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူ

ရန်ကုန် ဇန်နဝါရီ ၇

သာစည်မြို့နယ် ဝမ်းသာရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဖောင်တန့်နား မဟာစေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပွဲ၊လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ယင်းစေတီတော် ရင်ပြင်ရှိ ရဟန္တာ ၅၀၀ သိမ်သမုတ်ထားသည့် သိမ်တော်ကြီးနှင့် သိမ်ဦးစေတီတော် ထီးတော်အသစ်တင် မင်္ဂလာအခမ်းအနားတို့ကို ဇန်နဝါရီ ၁ ရက်က ယင်းစေတီတော်ရင်ပြင်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

ယင်းအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြင်းခြံဆရာတော် ဘဒ္ဒန္တကိတ္တိ အမှူးပြုသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ဖောင်တန့်နား မဟာစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ သာစည်မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကျေးရွာသံဃနာယကအဖွဲ့ဝင် ဆရာတော်များအပါအဝင် ပင့်သံဃာ ၁၂၀ ကြွရောက်တော်မူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မိုးကုတ်၊ မိတ္ထီလာ၊ ဝမ်းတွင်းမြို့နယ်တို့မှ အလှူရှင်များ၊ သာစည်မြို့နယ်အတွင်းရှိ လျှော်ပင်၊ တမာကုန်း၊ ဟံဇား၊ ဝမ်းသာရွာတို့မှ အလှူရှင်များ၊ ဗုဒ္ဓဘာသာဝင်များ တက်ရောက်ကြည်ညိုကြသည်။

တင်လှူပူဇော်

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် အရံစေတီတော်များ၏ ထီးတော်များ၊ သိမ်ဦးစေတီတော် ထီးတော်အသစ်တင်လှူပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အစီအစဉ်အရ စေတီတော်ကြီးတွင် ဆက်ကပ်လှူဒါန်းပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် အရံစေတီတော်များ၏ ထီးတော်များ၊ သိမ်ဦးစေတီတော်၏ ထီးတော်အသစ်တို့ကို အလှူရှင်များက ကိုင်ဆောင်လျက် စေတီတော်ကြီးအား လက်ယာရစ်ပူဇော်ကြပြီး တပ်မတော်(လေ) မြလေယာဉ် ထီးတော်တင်အဖွဲ့၏ ၁၈၇၅ ဆူမြောက် ထီးတော်တင် မင်္ဂလာ ပံ့ပိုးကူညီမှုဖြင့် ရတနာပန်းရထားအား ကြိုးဆွဲ၍ စေတီတော်ကြီး၏ အထက်ဘုံအဆင့်ဆင့်သို့ ဆက်ကပ်တင်လှူပူဇော်ကြသည်။

ကျင်းပ

ဆက်လက်၍ သိမ်တော်ကြီးနှင့် သိမ်ဦးစေတီတော် ထီးတော်အသစ်တင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက် အခမ်းအနား အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးသည့်အပြင် ပွဲတော်ကို နတ်တော်လဆန်း ၁၁၊ ၁၂၊ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

သစ်တောရေးရာ ဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန၏ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှု မိသားစု အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က အောင်ပွဲရ အားကစားသမားများကို ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

သီတဂူဆရာတော် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် ဖေယျဝတီပရိယတ္တိ စာသင်တိုက်တွင် ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်(စနေနေ့) ည ၇ နာရီ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အရှင်သူမြတ်က တရားအစဉ် ဓမ္မအမြင်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဒီဇင်ဘာ ၂၈ ရက်က သန်မြန်သူ မော်တော်ယာဉ်လိုင်း ဌာနခွဲ(၃) ကွပ်ကဲမှုအောက်ရှိ အမှတ်(၇၇) ယာဉ်လိုင်းမှ ည/၈၄၉၉ ကားပေါ်တွင် စီးနင်းလိုက်ပါသူ ခရီးသည် ပိုက်ဆံအိတ်မေ့ကျန်ခဲ့သည်ကို ပစ္စည်းပိုင်ရှင်အား ရိုးသားစွာပြန်လည်အပ်နှံခဲ့သည့် ယာဉ်မောင်း ဦးဝင်းကျော်နှင့် လက်မှတ်ရောင်း ဦးမြင့်စန်းတို့နှစ်ဦးအား သန်မြန်သူ မော်တော်ယာဉ်လိုင်း(ရုံးချုပ်) ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်လွင်(ငြိမ်း)နှင့် ဌာနခွဲ(၃)ဌာနခွဲမှူး ဦးမောင်ကြည်တို့က ရိုးသားဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၀၆)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြု စစ်ချီစစ်ရေးတေးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

စစ်ချီတေးပြိုင်ပွဲနှင့် ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲအနေဖြင့် အဆင့်(၁)နှင့်အဆင့်(၂) နှစ်ဆင့် သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲတေးသီချင်းများ၏ စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီစစ်ရေးတေးပြိုင်ပွဲ စစ်ချီတေးပြိုင်ပွဲတွင် အဆင့်ခွဲခြားထားမှုမရှိဘဲ အလွတ်တန်းအနေဖြင့် မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

စစ်ရေးပြိုင်ပွဲတွင် အဆင့်(၁) အဆင့်(၂)ဟူ၍ အတန်းနှစ်တန်းခွဲခြားယှဉ်ပြိုင်စေမည်ဖြစ်သည်။

စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တို့အပြင် ရှေးခေတ်တပ်မတော်၊ တော်လှန်ရေးခေတ် တပ်မတော်၊ လွတ်လပ်ရေးရပြီးခေတ် တပ်မတော် စသည့် တပ်မတော်တစ်ခုခုအား ဂုဏ်ပြုရေးစပ်သီကုံးကြရမည်။ စစ်ချီတေးအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးတွင် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားပြီး အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့် တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။ ထို့အပြင် စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်သီချင်းစပ်ထုံးစပ်နည်း စနစ်များနှင့်အညီ ကိုက်ညီရမည်။ စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီစစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ် တေးသွားဖြစ်ရမည်။ မြန်မာတေးစပ်ဆိုနည်းများနှင့်အညီ အပိုဒ်၏ အဆုံးချ ကာရန်များ တူညီရမည်။ အချိန် ၄ မိနစ်မှ ၆ မိနစ်အတွင်းသာ ဖြစ်ရမည်။ ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သော အဆိုနှင့် သင့်တင့်သော တီးခတ်မှုများဖြင့် ပဏာမ ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်ကက်ဆက်တိပ်ခွေ (သို့မဟုတ်) REEL ခွေ(သို့မဟုတ်) Digital Auto Tape တစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်းယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလို ပေးနိုင်သည်။ ပြိုင်ပွဲဝင်တေးသီချင်းစာသားကို လက်နှိပ်စက် မိတ္တူ ၁၀ ရွက်နှင့် MUSIC NOTES မူရင်းတစ်ရွက်ကို ကက်ဆက်တိပ်ခွေ(သို့မဟုတ်) REEL ခွေ (သို့မဟုတ်) Digital Auto Tape တစ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်။ ပြိုင်ပွဲဝင်တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံပတ်(စ်)ပို့အရွယ် (၁½X ၂)လက်မ ဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။ ပဏာမ ရွေးချယ်ခြင်းခံရသူများအား အကြောင်းကြားမည်။ ပဏာမ ရွေးချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေတိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး၊ အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရန် ဖြစ်သော်လည်း ယခုနှစ်တွင် ပြိုင်ပွဲဝင်ဦးရေ တိုးပွားရေးအတွက် ပြိုင်ပွဲဝင်များ နောက်ဆုံးထား ပေးပို့ရမည့်ရက်ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ရက်တိုးမြှင့် သတ်မှတ်လိုက်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂ ရက်က မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်၏ စားသုံးသူများအတွက် ကျပ်သန်း(၁၀၀)တန် မဟာကံစမ်းမဲအစီအစဉ်စတင်ခြင်း အခမ်းအနားတွင် မြန်မာ မာမီးဒါဘယ်ဒက်ကာလီမိတက်မှ အထွေထွေမန်နေဂျာ Mr.NgKimSeok က ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

Myanmar Information Technology Pte Ltd (MIT)ကကြီးမှူး၍ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (Principal Officer, United Nations System College; Turin-Italy) ၏ The Power of Possibility Thinking ; Tough Times Never Last, but Tough People Do" ဟောပြောပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက လှိုင်မြို့နယ် MICT Park ရှိ Conference Hall ၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းဥက္ကဋ္ဌ ဦးသောင်းတင်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါ်တာဒေါ်နုနုယဉ်၊ မြန်မာ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (MWEA) တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်၊ MWEA အကြံပေးပုဂ္ဂိုလ်၊ ရန်ကုန် စီးပွားရေး တက္ကသိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်လှမြင့်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)** (က-ပ)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၇

Aung Tharaphu GCE Training Center တွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE TOFEL & IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရ သင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ် ပုံမှန်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါသည်။

ထို့အပြင် TOFEL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည်။

စုံစမ်းနိုင်

TOEFL စာမေးပွဲကြီးကိုလည်း လစဉ် ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၁၀၅) လမ်းမတော်လမ်း သံဈေးရှေ့ ဖုန်း- ၂၁၂၃၅၇၊ ၂၅၂၈၂၁၊ ၂၅၃၁၁၃ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပခုက္ကူနိကာယဝင်စာရင်းများ ပေးပို့ရန်နိုးဆော်

ရန်ကုန် ဇန်နဝါရီ ၇

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပခုက္ကူနိကာယ (၁၁)ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပွဲကြီးကို တပို့တွဲလပြည့်ကျော် ၄၊ ၅၊၆ရက်၊ (ဖေဖော်ဝါရီ ၉၊ ၁၀၊ ၁၁ရက်) တို့တွင် ကျင်းပရေးအတွက် နိကာယဝင် သံဃာတော်များစာရင်းကို ၂၀၀၃ခုနှစ် အောက်တိုဘာ ၇ရက် ရက်စွဲဖြင့် စာတိုက်မှ ပေးပို့တောင်းခံခဲ့သည်။ နိကာယဝင်သံဃာတော်များထံ ပင့်စာများပေးပို့နိုင်ရေးအတွက် ဒေသိယဂဏဘာရနိတ္ထာရက ဆရာတော်များအနေဖြင့် ကျန်ရှိသော စာရင်းဇယားများကို ဘဒ္ဒန္တ သောဘန (သမ္မုတိဂဏဘာရနိတ္ထာရက) ဂဏဝါစက အမှုဆောင်အဖွဲ့ မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့ ဖုန်း-၀၆၂-၂၁၉၇၄သို့ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆောလျင်စွာပေးပို့ပါရန် နိုးဆော်ထားသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၃၀ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မကွေးတိုင်း မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(လူမှုဝန်ထမ်း)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂညှိနှိုင်းရေးမှူး Mr. Charles James Petricသည် ယမန်နေ့မွန်းလွဲ၂နာရီတွင် ဝန်ကြီး၏ ရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ချမ်းအေးဓမ္မစာပေပြိုင်ပွဲ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇန်နဝါရီ ၇

မြတ်ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွားစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးသောအားဖြင့် ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသထေရ်၏ လမ်းညွှန်စီစဉ်မှုဖြင့် ဓမ္မစာပေ (ဆောင်းပါး)ပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခုနှစ်ပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ဓမ္မဂုဏ်ရည်"ဖြစ်သည်။ ပြိုင်ပွဲဝင်ဓမ္မစာပေပညာရှင်များသည် စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ကြရမည်ဖြစ်သည်။

လျှောက်လွှာစာမျက်နှာ ၄၀ မှ ၅၀အတွင်းဖြစ်ရမည်။ အခြားမည်သည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တွင်မျှ ရေးသားပေးပို့ ဖော်ပြဖူးခြင်းမရှိစေရပါ။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံကတိပါရှိရမည်။ စာမူအတွက် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက ယှဉ်ပြိုင်သူကသာ အလုံးစုံတာဝန်ယူရမည်။ ပြိုင်ပွဲဝင်စာမူများနှင့် ပတ်သက်၍ ချမ်းအေးဓမ္မစာပေပြိုင်ပွဲ ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်မှုသာ အတည်ဖြစ်ရမည်။ ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများရွေးချယ်ကာ ဉာဏ်ပူဇော်ခကိုလည်း ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်သည်။ ရွေးချယ်စိစစ်ပြီးသော ဆုရစာမူများကို ချမ်းအေးဓမ္မစာပေပြိုင်ပွဲ ရွေးချယ်ချီးမြှင့်ရေးအဖွဲ့မှ အခါအခွင့်သင့်သည့်အချိန်တွင် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်သည်။ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ၊ အလုပ်အကိုင်နှင့် ဓာတ်ပုံနှစ်ပုံတို့ကို ပြိုင်ပွဲဝင်စာမူနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို မတ် ၃၁ရက်နောက်ဆုံးထား၍ ဝေမိုး(ကျွန်းလှ) ချမ်းအေးရိပ်သာ သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ်၊ ချစ်ဦးညို၊ ၅၄-ပထမထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဦးကျော်ခင်မြင့်၊ (၁၃၄) ရွှေဘုံသာလမ်း စိန်ရတနာ ရွှေဆိုင်၊ ဦးကြိုင်မြင့်(ဝါမိုးအောင်စာပေ) ၅၀၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်တို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(က-ပ)

ကွန်ဖူး၊ ဗန်ဒို၊ ထိုက်ချီ သင်တန်းများလက်ခံပြီ

ရန်ကုန် ဇန်နဝါရီ ၇

ဆရာရန်နိုင်ဦးစီးသော Dragon king (နဂါးရာဇာ) ကိုယ်ခံပညာသင်တန်းကွန်ဖူးပညာနှင့် မြန်မာ့ရိုးရာ အဆင့်မြင့်လျှို့ဝှက်ဗန်ဒို၊ ထိုက်ချီချွမ်ပညာများကို အခြေခံမှစ၍ ဆရာဖြစ်အဆင့်အထိ တစ်ဦးချင်းသင်ကြားပေးနေပြီ ဖြစ်သည်။ အိမ်အရောက်သင်ပေးမည့် အစီအစဉ်လည်းရှိသည်။

တစ်ပတ်လျှင် သုံးရက်၊ခြောက်ရက် ကစားနိုင်သည့် အထူးသင်တန်းများကို နံနက်၈နာရီမှ ည၈နာရီနှင့် ရက်တိုအမြန်သင်တန်းများကို တစ်နှစ်ပတ်လုံးဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အမှတ် ၃၆၉ ခြောက်လွှာ မဟာဗန္ဓုလလမ်း ၃၈လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ် ဖုန်း-၂၄၄၅၈၃ နှင့် ၀၉-၅၀-၁၆၆၂၃တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဇန်နဝါရီ ၃ရက်က လှိုင်မြို့နယ် ဘက်စုံစံပြမူလတန်းကျောင်း အမှတ်(၁၉)တွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော် ဘက်စုံဆုချီးမြှင့်ပွဲ အခမ်းအနား၌ ကျောင်းမိသားစုအဆင့်၊ ကျောင်းလုပ်ငန်းထူးချွန်ပထမဆုရ တတိယတန်းမှ မဝေဝေနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ကွန်ပျူတာဒီပလိုမာ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၇

IT (Information Technology) ပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ Informatics Computer Centre များတွင် University Of Cambridge (Local Examinations Syndicate) နှင့် NCC (UK) အောင်လက်မှတ်နှစ်ခု ပေးအပ်သော အဆင့်မြင့် နိုင်ငံတကာ ဒီပလိုမာသင်တန်းများကို နိုင်ငံပေါင်း၅၀တွင် စင်တာပေါင်း ၆၃၀ဖြင့် တစ်ပြေးညီ ဖွင့်လှစ်ပေးလျက်ရှိရာ စိတ်ပါဝင်စား၍ တက်ရောက်လိုပါက ဆက်သွယ်စုံစမ်းနိုင်သည်။

ထို့ပြင် လုပ်ငန်းခွင်သုံးသင်တန်းများဖြစ်သော Basic, Office, DTP, ACCPAC, Auto CAD, Graphic Design, PC Update and Maintenance (A+), Programming Courses များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အသေးစိတ်သိလိုပါက Infomatics (မြေနီကုန်း)မြေနီကုန်းပလာဇာ ဒုတိယထပ်၊ ဖုန်း-၅၂၅၉၇၁နှင့် ၇၀၆၇၄၀ တို့သို့လည်းကောင်း၊ Informatics (ဗိုလ်တထောင်) အမှတ်(၂၂၀/၂၂၂) ဗိုလ်တထောင်ဘုရားလမ်း ဖုန်း-၂၉၆၈၂၉၊၂၀၀၃၄၃နှင့်၂၀၃၁၈၈တို့သို့လည်းကောင်း၊Informatics(ဗဟန်း) အမှတ်(၇၀/B) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ဖုန်း-၅၅၈၃၆၀ သို့ လည်းကောင်း ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအကြိမ် (ICT)ရက်သတ္တပတ်ပြပွဲအတွင်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းက ကြီးမှူး၍ "Object Orientated Software Development With Unified Modeling" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ရက် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် ICT Park အခန်း (၂၀၅)၌ ကျင်းပမည်ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ Software Industry များမှ Senior Programmerများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြပြီး အသေးစိတ် သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(သတင်းစဉ်)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၇

ဦးချစ်ခိုင် (MD. EDEN Group) သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ရက် ညနေ ၃နာရီခွဲတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)၌ ကိုက်၁၆၀ အကွာမှ Srixon(3) ဘောလုံးကို Palmer Iron No (5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဒေါက်တာမောင်လှ၊ ဦးကျော်ဝင်း၊ ဦးကျော်စွာနှင့် ဦးလှဝင်းတို့အတူ ကစားလျက်ရှိကြောင်း သိရသည်။

(က-ပ)

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အဆိုပါကျောင်း တေဇခန်းမ၌ ဒီဇင်ဘာ ၂၂ရက်က ကျင်းပရာ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး ပထမဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စောထွဋ်အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆေမျိုးခိုင် ဆုချီးမြှင့်စဉ်။ (၆၃)

ပြည်တွင်းပြည်ပဆေးမျိုးစုံရောင်းချပေး ဓွဲအားသစ် ဆေးဂေဟာဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၇

မင်္ဂလာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဓွဲအားသစ်ဆေးဂေဟာကို ဇန်နဝါရီ ၁ရက်တွင် စတင်ဖွင့်လှစ်လျက်ရှိသည်။ အဆိုပါ ဓွဲအားသစ်ဆေးဂေဟာတွင် Myanmar Register ရရှိပြီးသော ဆေးစစ်၊ ဆေးမှန်များကိုသာ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ နံနက် ၇နာရီမှ ည၉နာရီထိ ရောင်းချပေးလျက်ရှိရာ မည်သူမဆို ယုံကြည်စိတ်ချစွာဖြင့် လက်လီ၊ လက္ကား ဝယ်ယူအားပေးနိုင်သည်။

ဆက်သွယ်နိုင်

ဓွဲအားသစ်ဆေးဂေဟာကို အမှတ် ၂၄/၂ နဝဒေးလမ်း၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၇၁၀၁၀၅နှင့် ၂၈၉၄၄၆တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

ရောင်းမည် (ပွဲစားမလို)

၁၂ပေခွဲx၆၀ပေ၊ ပ-ထပ်၊ H-T၊ တိုက်သစ် ဆိပ်ကမ်းသာ-အလယ်-ကိုယ်ပိုင် ရေ၊ မီး ပါဝါ မီတာ-ဖုန်း-၅၆၁၅၂၇ နံနက် ၁၀နာရီမှ ညနေ ၅ နာရီအတွင်း။



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (မြန်မာစာ) (ခ) ပထမနှစ် (ဒဿနိကဗေဒ)
- **၅:၃၀** ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၄)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
  - ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၄၀)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ကျွန်ုပ်တို့၏ Myanmar Bestin Co., Ltd. အား အောက်ပါလိပ်စာသို့ ပြောင်းရွှေ့ ဖွင့်လှစ်လိုက်ကြောင်း မိတ်ဆွေများ မိတ်သဟာများအား အသိပေး ကြော်ငြာအပ်ပါသည်။

တိုက်-၁၁၁၊ အခန်း ၂၀၁၊ ရွှေသံလွင် ကွန်ဒို [illegible] ရန်ကုန်မြို့၊ ဖုန်း-၇၂၇၆၃၀၊ ၅၄၄၀၂၉

ရွှေခြေကြေးစည်

[illegible]

Ph:248868

Ph:704822, 587295

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

"မင်္ဂလာမေ" အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်မှု သမဝါယမအသင်း လီမိတက်၏ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်ဝေအား ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ–

သီရိသုဓမ္မသင်္ဂဟ

ဆုချီးမြှင့်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံ့အကျိုး၊ လူမှုအကျိုးများ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်အသင်းသူများ
"မင်္ဂလာမေ"အမျိုးသမီးများဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်မှုသမဝါယမအသင်းလီမိတက်။

FOREVER GROUP

Graphic Designer နှင့် Animator 1400 [illegible]

Professional Digital Graphic Design

- Adobe Photoshop CS
- Adobe Illustrator CS
- Adobe Indesign CS
- Scanner Handling with a color Management
- Adobe Creative Suite Design Guide

Stunning Visual Effects for Digital Video

- Premiere 6.5
- Infini-D 4.5
- After Effects 6.0
- Poser 4.0
- Elastic Reality 3.0
- Cinema 4D XL 7.0

Microsoft Office [illegible] Illustrator Graphics [illegible] Design Solution Adobe Creative Suite [illegible] eMac [illegible]

[illegible]

မောင်ညီဖွေး

အောက်မေ့ခြင်းဒီဇင်ဘာ

[illegible]

ပူလုတ်တုတ်

၂၀၀၄ ခုနှစ် [illegible]

[illegible]

သင်္ဘောဆိုင်ရာသူများ ကမ်းကွက်လိုက္ခ [illegible] / [illegible] ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

RUBY CarRental 725317, 650821
[illegible]
24 hr [illegible]

Yan Aung

[illegible]

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ရွှေလဝင်း(ခ)ဆုလာဒ်လွင် [၁၂/မရက(နိုင်)၁၃၆၈၀၂]သည် ဖခင်အား ကိုယ်စိတ်ဆင်းရဲ ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုမူဆက်ဆံသဖြင့် ၂၆-၁၂-၂၀၀၃နေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါ။ **ဦးသိန်းလွင်**
[၁၂/ဗဟန(နိုင်)၀၂၅၁၄၅]။

စစ်ပြီးခေတ်ရန်ကုန်ဟိုက်စကူးကျောင်းသားဟောင်းများ

အာစရိယပူဇော်ကြမည်

ကျင်းပမည့်နေ့–၁၈–၁–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီ
ကျင်းပမည့်နေရာ–အထက(၁)လသာ
အာသီသ–သူငယ်ချင်းများစုံစုံညီညီတက်ရောက်စေချင်ပါသည်။

MYANMAR KYOKO

AZ

အယူတော်ခံမှုဆိုင်ရာချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့

ကြားသိစေသည့်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၄၁၊ နည်းဥပဒေ–၁၄)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၃ခုနှစ်၊ တရားမအယူခံမှုအမှတ်–၇၀

ဒေါ်စိန်နု(ခ)ဒေါ်ဥာဏစာရီ နှင့် ၁။ဒေါ်မေမေတင်
၂။ဦးခင်မောင်ထွန်း
၃။ဒေါ်ခင်မေ
၄။ဒေါက်တာဝေမာအောင်
၅။ဒေါ်ရူပါခင်
၆။ဒေါ်သိန်းရွှေ
၇။ဒေါ်ဥမ္မာအောင်

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၃ခုနှစ်၊ စက်တင်ဘာ(၁၁)ရက်နေ့စွဲပါ ပုဇွန်တောင်မြို့နယ် တရားရုံးတော်မှ ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အယူတော်ခံ တရားခံများဖြစ်ကြသော ဒေါ်မေမေတင်ပါ(၇)ဦး ခြံအမှတ်(၁၂–ဒီ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေသူ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် ပုဇွန်တောင်မြို့နယ် တရားရုံးတော်က ချပေးသည့် ဒီကရီကို ဒေါ်စိန်နု(ခ)ဒေါ်ဥာဏစာရီက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းသွင်း ထိုအယူခံမှုကို ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့ (၁၃၆၅ခုနှစ်၊ ပြာသိုလဆုတ် ၁၀)ရက်နေ့တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆို လိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်–၄၁၊ နည်းဥပဒေ–၂၂အရ ကန့်ကွက်လိုလျှင် အမိန့်–၄၁၊ နည်းဥပဒေ–၂၂ အရချိန်းဆိုသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

စန္ဒာသွယ်
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

မျှော်တိုအသင်း (ရန်ကုန်)၊ အမှတ် (၁၉၂)၊ ၂၉ လမ်း

ဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ သင်တန်းနည်းပြဆရာဖြစ်သော ဆရာ ဒေါက်တာ ပန်းချီစိုးမိုးသည် ၂၀၀၂ခုနှစ် ရုပ်ရှင်အကယ်ဒမီဆု ချီးမြှင့်ပွဲတွင် "ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ" ဇာတ်ကားဖြင့် အကယ်ဒမီဆုကြီး ခုနှစ်ဆုရအောင် စွမ်းဆောင်ရယူခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း။

အမှတ်စဉ်(၃၂)၊ ဓာတ်ပုံ သင်တန်းသူ/သားများ
မြန်မာနိုင်ငံဓာတ်ပုံအသင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ လှိုင်းဘုန်းမြို့၊ ပိတောက်ရွှေဝါလမ်းနေ ဦးတင်အောင်–ဒေါ်မြင့်မြင့်တို့၏သားကြီး

မောင်မောင်သက် B.A (History) နှင့်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးဖိုးမှန်လမ်း၊ အမှတ်(၁၉)နေ ဦးသန်းဌေး(MANAGER ENGINEERING DEPARTMENT BANGKOK) TPI OIL Co., Ltd. –ဒေါ်ခင်ညိုမြင့် တို့၏သမီးကြီး

မမျိုးသန္တာနွယ် (B.Sc Zoology)

တို့သည် ၁–၁–၂၀၀၄ရက်နေ့တွင် နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မောင်သက်–မမျိုးသန္တာနွယ်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့်
မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့
ပူးပေါင်းဖွင့်လှစ်မည့် Introduction to Internet
သင်တန်းတက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက် – ၁၉–၁–၂၀၀၄
သင်တန်းဖွင့်လှစ်မည့်နေရာ – E-learning Center (MICT Park)
သင်တန်းအချိန် – 4:00 PM to 7:00 PM
သင်တန်းကာလ – 14 Days
လက်ခံမည့်သင်တန်းသူဦးရေ – ၅၀ ဦး
လျှောက်လွှာစတင်ရောင်းချမည့်ရက်–၆–၁–၂၀၀၄

သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို တစ်စောင်လျှင် ၁၀၀ ကျပ်နှုန်းဖြင့် အောက်ပါလိပ်စာတွင် တစ်ဦးလျှင် တစ်စောင်နှုန်းသာ ဝယ်ယူနိုင်ပြီး ၁၇–၁–၂၀၀၄နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

လှဝတီ (အတွင်းရေးမှူး)
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊
လိပ်စာ– အမှတ်(၂၈၈/၂၉၀)၊ အခန်း(၄၀၁)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဒီဇင်ဘာလအတွက် **"မားစ်နှင့် မားစ်ပါဝါ"** ကံထူးရှင်များကို

စဝဲခြံ မျက်မမြင်ကျောင်း မှ ကျောင်းသူလေးများက (၃. ၁. ၀၄)နေ့တွင်ရွေးချယ်ပေးလိုက်ပါပြီ။

(၁) ဒေါ်ခင်မာကြည် - စိမ်းလဲ့မြိုင်၊ ရွှေဘုရင်ဆောက်လုပ်ရေးပြည်ထောင်စုလမ်းမကြီး၊ (၆၄)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုံ(၂)၊ ရန်ကုန်မြို့။ **ကျပ် တစ်သိန်း**
(၂)ဦးမြသိန်း - အမှတ် - ၉၈၊ ဥတ္တရ(၄)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ **ကျပ် တစ်သိန်း**
(၃)ဒေါ်ပြုံး - အမှတ် - ၅/၁၇၀၊ ယာဉ်ပျံကန်တောက်ရပ်ကွက်၊ (၅၈)လမ်းအရှေ့မန္တလေးမြို့။ **ကျပ် တစ်သိန်း**
(၄)မအေးအေးရှိန် - ကမ်းနားလမ်း၊ အမှတ် (၃)ရပ်ကွက်၊ ကျောင်းကုန်းမြို့။ **ကျပ် တစ်သိန်း**
(၅)မဇင်မော်ထွန်း - တဆင့်/ ဦးချစ်ထွန်း၊ အမှတ် (၂၁၅)၊ ကေတုမတီလမ်း၊ ချမ်းမြသာမြေရပ်ကွက်၊ အုတ်ဖိုမြို့၊ပဲခူးတိုင်း။ **ကျပ် တစ်သိန်း**
(၆)ဒေါ်မြင့်မြင့်ခင် - တိုက် -၂၁၅၊အခန်း-၁၅(၁၂)လုံးတန်း၊အရှေ့ရန်ကင်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ ကျပ် ငါးသောင်း
(၇)ဦးညာဏ်ထွန်း - အမှတ် - ၂၆၀၊မင်းရဲကျော်စွာ(၁)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပ၊ရန်ကုန်မြို့။ ကျပ် ငါးသောင်း
(၈)မဝါဝါထွန်း - တဆင့်/ ဦးအောင်ကြည်-ဒေါ်ခင်မေဥ၊ အမှတ် -၂ ညီနောင်ရပ်ကွက်၊ ဒုတိယလမ်းမတော်၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်း။ ကျပ် ငါးသောင်း
(၉)မခင်မေလွင် - အမှတ်-၁၈၊ ပထမလမ်း၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။ ကျပ် ငါးသောင်း
(၁၀) ကိုမင်းဌေး - အမှတ်-၅၊ဈေးတောင်ဘက်လမ်း၊ ညောင်လေးပင်မြို့၊ပဲခူးတိုင်း။ ကျပ် ငါးသောင်း
(၁၁)ဒေါ်သန်းသန်းနွယ်- အမှတ်-၃၆၊လေထီးလမ်း၊အင်းတန်ကျေးရွာ၊မှော်ဘီမြို့၊ရန်ကုန်တိုင်း။ ကျပ် ငါးသောင်း
(၁၂)မသန္တာနွယ် - အမှတ်-၃၇၁၊(၈)လမ်း၊(၁၁)ရပ်ကွက်၊တောင်ဥက္ကလာပ၊ရန်ကုန်မြို့။ ကျပ် ငါးသောင်း
(၁၃)ဦးစိန်ဦး - ပခုက္ကူကွမ်းယာ၊ (၁၇)လမ်း၊ ရွာသစ်ရပ်၊မကွေးမြို့၊ မကွေးတိုင်း။ ကျပ် ငါးသောင်း
(၁၄)ဒေါ်ပုလဲလွင် - အမှတ်-၁၅၄၊ဘုရားကြီးရပ်ကွက်၊(၂)လမ်း၊ဟင်္သာတမြို့၊ဧရာဝတီတိုင်း။ ကျပ် ငါးသောင်း
(၁၅) ဦးဝင်းနိုင် - ပြည်နယ်မန်နေဂျာရုံး၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊မော်လမြိုင်မြို့၊မွန်ပြည်နယ်။ ကျပ် ငါးသောင်း

"ဒီဇင်ဘာလ မားစ်နှင့် မားစ်ပါဝါ ကံထူးရှင်များ" (၁၂. ၁. ၀၄) မှ တစ်ပတ်အတွင်းကုမ္ပဏီသို့ဆက်သွယ်၍ဆုမဲများ ထုတ်ယူနိုင်ပါသည်။ [ဇန်နဝါရီလ မှ ဖေဖော်ဝါရီလကုန်အထိ ဆက်လက်ကံစမ်းနိုင်ပါသည်။]

မားစ်နှင့် မားစ်ပါဝါ ဘူးခွံ မျက်နှာစာပေါ်မှ တံဆိပ်ပါတဲ့နေရာကို ညှပ် ၊ အမည် ၊ မှတ်ပုံတင်၊ လိပ်စာကိုရေးကြိုက်ရာ(၃)ခုတွဲပြီး အောက်ပါ လိပ်စာအတိုင်း ပို့လိုက်ရုံပါပဲ။

မားစ် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်
အမှတ် (၃)လမ်းမကြီး၊ နွယ်ခွေ၊ မင်္ဂလာဒုံမြို့နယ်
ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ် (၈၇၁)
ဖုန်း - ၆၀၀၂၂၈ ၊ ၆၀၀၂၂၉၊ ၆၀၀၀၃၆

အမှတ် - ၂၇ (B) ၊ အောင်ဇေယျလမ်း
ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်း
ရန်ကုန်မြို့။
ဖုန်း - ၅၀၂၅၂၄

မွေးသက္ကရာဇ်အမှန်

ဦးဝင်းဇော်၏သား အထက (၄) ပုဇွန်တောင် အဋ္ဌမတန်း(B)မှ မောင်ဝေဖြိုးဇော်၏ မွေးသက္ကရာဇ် အမှန်မှာ ၂–၁–၁၉၉၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (ခ/၃၁၃၂)မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမော် (SRM-005423)က မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတ်မှတ်ရက်အတွင်း ကညန၊ ခရိုင်ရုံး (သန်လျင်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(သန်လျင်)။

Konica ဓာတ်ပုံ Digital Photo Studio

ဒီအတိုင်းပဲဆက်ချစ်တော့မယ်

TAPE / CD / VCD KARAOKE

BLAZE UP Video Production

ICT Week 21 - 27 Jan 2004

15% DISCOUNT

iLedger Accounting Software

(မြန်မာ + English)

INTEGRA Systems Company Limited

42-D, New University Avenue Road, Bahan Township, Yangon.

Ph : 557634, 703625, 705839

GCE သင်တန်း

Commencing Date : January 2004

☎ 212357, 252821

ဝန်ထမ်းအလိုရှိသည်

၁။ အရောင်းဝန်ထမ်း ကျား ၁၀ ဦး

၂။ အရောင်းမြှင့်တင်ရေးဝန်ထမ်း ကျား ၁၀ ဦး

အမြန်ဝယ်လိုသည်

တာမွေ၊ တောင်ဥက္ကလာ မြို့နယ်အတွင်း လမ်းမတန်း၊ မြေညီ (သို့မဟုတ်) ပ၊ ဒုထပ် အခန်းကျယ်ကျယ်၊ အမြန်ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။ **ဖုန်း–၅၅၄၃၉၁၊ ၅၅၇၂၉၅။**

ပုံနှိပ်စက်ရောင်းမည်

လက်ရှိအသုံးပြုနေသော ဟာမာဒါစတား (၉၀၀) (၂)လုံး (၁၂၀၀)ကျော်နှင့် (၇၀၀)ကျော် တစ်လက်ကိုင်၊ ပစ္စည်းသန့်။

ဖုန်း–၀၉–၉၉–၂၄၂၈၆။

မွေးနေ့ဆုတောင်း

(5th January) တွင်ကျရောက်သော ...
(25th January)တွင်ကျရောက်သော ...
(30th January)တွင်ကျရောက်သော ...

ဖေဖေ- ဦးအောင်မြင့် (R.O)

ဒဂုံတက္ကသိုလ်

(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၀၂-၂၀၀၃ပညာသင်နှစ်တွင် ဒဂုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သော ၁၉၉၇(စနစ်သစ်)(ဘွဲ့) စာမေးပွဲအောင်မြင်၍ ဘွဲ့အသိအမှတ်ရရှိပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်

၂၄-၁-၂၀၀၄ ရက် (စနေနေ့)

နံနက်ပိုင်း နံနက် (၉)နာရီ

ဝိဇ္ဇာဘွဲ့.- မြန်မာစာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ

သိပ္ပံဘွဲ့.- ဓာတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ

ညနေပိုင်း မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့.- အင်္ဂလိပ်စာ၊ English For Occupational Purposes၊ သမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ မနုဿဗေဒ

သိပ္ပံဘွဲ့.- ရူပဗေဒ၊ သတ္တဗေဒ၊ Biotechnology၊ ကုန်ထုတ်ဓာတုဗေဒ၊ ရုက္ခဗေဒ၊ Environmental Studies

အစမ်းလေ့ကျင့်ရန် ၂၃-၁-၂၀၀၄ ရက် (သောကြာနေ့) နံနက်(၉:၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၉-၁-၂၀၀၄ရက်နေ့မှစ၍ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

ခင်မာနွယ်
(မော်ကွန်းထိန်း)
ဒဂုံတက္ကသိုလ်။

INVITATION TO TENDER

(TENDER NO. 10(T)MPE/HSD(8)/2003-2004)

1. Sealed Tenders are invited by the Myanma Petrochemical Enterprise, the Ministry of Energy for the supply of 50,000±10% Metric Tons HSD (Gas Oil Regular 0.5%)
2. Tender Closing Dated: 14-1-2004 at 12;00 noon.
3. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise, No.(23), Min Ye-Kyaw-Zwa Road, Yangon, during office hour commencing 8-1-2004 on payment of one hundred (100) FEC (or) US$ per set.
4. Only bid from tender who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲစဉ်

January 8 မှ 11 ထိ

☎:682844 ☎:682944 ☎:682928 ☎:680301
☎:681326 ☎:02-65975 ☎:02-28036

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာစခန်းထားရန်)

First Top Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ စာရင်းကိုင် မ(၂)ဦး
* B.Com(or) LCCI Level III
* ကွန်ပျူတာတတ်ကျွမ်းသူဖြစ်ရမည်။

၂။ ရုံးဝန်ထမ်း (Office Staff) (ဘွဲ့ရ) ကျား/မ(၂)ဦး
* နိုင်ငံခြားငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း အတွေ့အကြုံရှိသူဖြစ်ရမည်။

၃။ ရောင်း/မောင်း (Salesman) ကျား(၅)ဦး
* အတွေ့အကြုံ(၃)နှစ်ရှိပြီး (၃)တန်ကားမောင်းနိုင်၍ နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။

၄။ ယာဉ်မောင်း ကျား(၃)ဦး
* လုပ်သက်(၃)နှစ်ရှိရမည်။

၅။ ရုံးဝန်ထမ်း(ဘွဲ့ရ) မ (၂) ဦး
* ရုံးလုပ်ငန်းနှင့် ကွန်ပျူတာရိုက်နိုင်သူဖြစ်ရမည်။

၆။ ဒုလက်ထောက်စက်မောင်းပြင်ထိန်း A.G.T.I (M.P)ကျား(၃)ဦး

၇။ ဒုလက်ထောက်စက်မောင်းပြင်ထိန်း A. G.T.I(E.C)ကျား(၃)ဦး

* အမှတ်စဉ်(၅) (၆) (၇) အတွက် လှိုင်သာယာစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားသူသည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ဤကြော်ငြာပါပြီး (၇) ရက်အတွင်း First Top Co.,Ltd. အမှတ် ၄၇/၄၈၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ပါသည်။

ခုခံအားကျဆင်းရောဂါ

ရောင်းမည်

တိုက်ခန်း 16x50၊ (တ)ထပ် HALL၊ ဘုရင့်နောင်လမ်းမပေါ်၊ ရွာမကွေ့။
အိမ် ၂၀x၄၀၊ ရေမီးစုံ၊ ဂရန်မြေ၊ (၃)လမ်းအနောက်၊ ကေတုမာလာကွေ့၊ တောင်ဥက္ကလာ၊
(ပွဲစားမလို)
ဆက်သွယ်ရန် ဖုန်း-၇၂၃၂၉၀။

Golden Hope Int'l Ltd.

စက်ရုံငှားမည်

တောင်ဒဂုံ၊ စက်မှုဇုန်(၁)၊ မြေ 60'x120'၊ အဆောက်အအုံ 40'x 40'၊ 30HP ၊ ရေမီးစုံ၊ နေရာကောင်း။
ဖုန်း-၂၂၂၉၄၆။

အိမ်အရောက်ပြင်/ဆင်

TV၊ ဗီဒီယို၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ အဲယားကွန်း အဆင့်မြင့်ပစ္စည်းများ အမြန်ပြင်သည်။
ကိုဇော်ညီညီ
ဖုန်း-၅၇၉၃၈၄။

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အဦးနှင့်မြေကွက်များ

၁၀-၁-၀၄ မှ ၃၀-၁-၀၄ အထိ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။

နယ် မှ စီး ပွား ရေး ကုန် သည် များ အ တွက် သ တင်း ကောင်း

MIT **MPEC**

- MPEC ...

Web Application Development(level 2) **25%off

- ASP,Access 2000,SQL 2000

5:00 to 7:00 PM (Mon, Wed, Fri) - 14.1.04

Web-based Java Programming++ **50%off

-7:30 to 9:30 AM (Mon,Wed,Fri) - 12.1.04

Window Basic Course

-10:00 to 12:00 AM(Sat ,Sun) - 17.1.04

ဆက်သွယ်ရန် ... Ph: 502801, 505278, 539151, 668779, 668259

MIT **MPEC**

Course : Web Application Development (level-1)

HTML 4,JavaScript,Graphic,Dream Weaver

Date : 12nd January, 2004

Time : Mon, Wed, Fri(3:00 to 5:00 PM)

... (25% DISCOUNT) ...

ဆက်သွယ်ရန် ... Ph: 502801, 505278, 539151, 668779, 668259

GMG

GREENLINE MYANMAR GROUP CO., LTD.

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ Manager (Administration/Sales & Marketing)	ကျား/မ(၃)ဦး
၂။ Supervisor (Sales & Marketing)	ကျား/မ(၂)ဦး
၃။ Accountant	ကျား/မ(၃)ဦး
၄။ Office Secretary	မ(၂)ဦး
၅။ Public Relation Officer	ကျား/မ(၁)ဦး
၆။ Sale & Marketing Staff	ကျား (၅)ဦး
၇။ Driver	ကျား (၃)ဦး

အမှတ်စဉ်(၁)၊ (၂)၊ (၄)နှင့် (၅)အတွက် ဘွဲ့ရဖြစ်ရမည်။
အမှတ်စဉ်(၃)အတွက် B.Com/LCCI Level III ဖြစ်ရမည်။
အမှတ်စဉ်(၆)နှင့်(၇)အတွက် မိမိထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်အားရိုးသားတက်ကြွစွာ ထမ်းဆောင်နိုင်သူဖြစ်ရမည်။
အမှတ်စဉ်အားလုံးအတွက်သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။
လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၃)ဖုံ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ အခြားတင်ပြလိုသောစာရွက်စာတမ်းများနှင့်အတူ Greenline Myanmar Group Co.,Ltd. အမှတ်(၂၀၂)၊ ဦးဝိစာရလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်သို့ လျှောက်ထားနိုင်ပါသည်။

ဆိုင်ခန်းရောင်းမည်

ဗိုလ်ချုပ်ဈေး၊ သံဖြူရုံအပြင်တန်း (ညီနိုင်းဈေး)
စုံစမ်းရန်– အနောက် (B)ရုံ ၆၂
ဖုန်း– ၃၇၅၄၂၉၊ ၂၄၀၉၆၆ လိုင်းခွဲ ၅၂၂၊ အိမ်ဖုန်း– ၅၅၅၈၉၄ ။

ကိုးထက်

ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့် ယခင် အမှတ်(၇၀)၊ မော်တင်လမ်းမှ ယခု အမှတ်(၁၀၉)၊ ဘုန်းကြီးလမ်း (အလယ်ဘလောက်) ဖုန်း–၂၂၈၂၀၁ သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါသည်။ အလှူမင်္ဂလာ၊ ပွဲနေ၊ ပွဲထိုင်များအတွက် အထူးအော်ဒါလက်ခံပါသည်။ လူမျိုးဘာသာမရွေး စားသုံးနိုင်ပါသည်။

(ပိတ်ရက်မရှိ)

ကိုးထက်မိသားစု။

အမည်ပြောင်းလဲခေါ်ဆိုရန်

(ဦးထန်ဒိုးခင်)၏သား မောင်ခင်ယုအောင် [၁၃/နစတ(နိုင်)၀၅၄၂၃၃] အား ယနေ့မှစ၍ မောင်အောင်သိန်းသန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်သိန်းသန်း
[၁၃/နစတ(နိုင်)၀၅၄၂၃၃]။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၃၇၉၃ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှသောင်း [၁၂/သလန(နိုင်)၀၇၂၇၄၆]က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၁၀) အတွင်း ကညန ခရိုင်ရုံး (သန်လျင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညနခရိုင်ရုံး(သန်လျင်)။

ဝန်ထမ်းအလိုရှိသည် ...

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၈၀၁၃ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် နေ့မှစ၍ ရက်ပေါင်း ၁၀ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနောက်ပိုင်း ခရိုင်ရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် –၂၁၊ နည်းဥပဒေ –၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၂ခုနှစ် တရားမဇာရီမှုအမှတ် –၂၃၅

ဦးမြင့်လွင်ညို၊ အမှတ်၇၄–ဘီ၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဒီကရီရရှိသူ နှင့်
၁။ဦးကျော်လွင်ညို၊ အမှတ်–၆၈/၄(က)၊ ဦးမောင်မောင်ခြံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
၂။ဒေါက်တာခင်ဆွေရီ၊ အမှတ်(၂)၊ ကမ္ဘောဇရိပ်သာ၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၃။ဦးအောင်လွင်ညို၊ အမှတ်(၂)၊ကမ္ဘောဇရိပ်သာ၊ရွှေတောင်ကြား၊ (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ တရားရုံးများ

ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(၁)ရုံး ၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်(၇၁)တွင် ရရှိခဲ့သည့် ဒီကရီအရ အမွေဆိုင်ပစ္စည်းများအပေါ်တွင် ဦးမြင့်လွင်ညိုက လေးပုံတစ်ပုံရယူရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်၌ မြေဥပစာအဆောက်အအုံတည်ရှိရာ၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွဲင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ (၂)လေလံတင် ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်ပါသည်။ (၃)လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာကျပ်လျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်တည်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ (၄) ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ပယ်ခွင့်ရှိသည်။(၅)လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။ (၆)ကျန်ငွေများကိုလေလံတင်ရောင်းချသည့်နေ့ကိုပယ်၍(၁၅)ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက် ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင်ပေးရမည်။

လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည်ဖြစ်သည်။ ၂၀၀၃ခုနှစ် နိုဝင်ဘာလ၂၅ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန်ကြော်ငြာကို ထုတ်ပေးလိုက်သည်။

ထွန်းသိန်း
တွဲဖက်တိုင်းတရားသူကြီး(၁)၊ ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာ၊ ခြံအမှတ်(၂)ဟု ခေါ်တွင်သော–

(က)ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆အိုင်၊ မြေကွက်အမှတ် $\frac{၁၁၂အေ}{၁ဘီ}$ + $\frac{၅၈ဘီ}{၃ဘီ}$ မြေပိုင်ဧရိယာ(၀ ဒသမ ၁၀၃+၀ဒသမ၂၃၀)=၀ ဒသမ ၃၃၃ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်၊ ကား(၂)စီးဆံ့ RCကားရုံ၊ အခန်း–၄ခန်းပါ RC အလုပ်သမားတန်းလျား၊ မီတာ(၂)ခု(ရိုးရိုး+ပါဝါ)နှင့်၅၂၅၇၀၉ တယ်လီဖုန်းတစ်လုံးအပါအဝင်။

(ခ)ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆အိုင်၊ မြေကွက်အမှတ် $\frac{၁၁၂အေ}{၁အေ}$ + $\frac{၅၈ဘီ}{၃အေ}$ မြေပိုင်ဧရိယာ (၀ ဒသမ ၁၂၂+၀ ဒသမ ၀၁၅) ၀ ဒသမ ၁၃၇ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံ၊ လျှပ်စစ်မီတာ၂ခု၊ (ရိုးရိုးပါဝါ)နှင့်၅၁၂၆၇၆တယ်လီဖုန်း တစ်လုံးအပါအဝင်။

အမှတ်စဉ်(က)တွင် လက်ရှိနေထိုင်ခြင်းမရှိ၊ အဆောက်အအုံနှစ်ထပ်တိုက်ရှိပါသည်။ အဆိုပါဥပစာကြမ်းခင်းဈေးသည် သိန်းငါးထောင့်ခုနစ်ရာ(၅၇၀၀၀၀၀၀၀ိ/–)ဖြစ်ပါသည်။

အမှတ်စဉ်(ခ)တွင်လက်ရှိတရားရုံးအမှတ်–(၂/၃)နေထိုင်ပြီးတစ်ထပ်တိုက်ပါရှိသည်။အဆိုပါဥပစာကြမ်းခင်းဈေးသည်သိန်းတစ်ထောင့်ရှစ်ရာ(၁၈၀၀၀၀၀၀၀ိ/–)ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆)စီ၊ ဒုတိယတန်းစားမြေ၊ မြေကွက်အမှတ်(၂၂)၏ ဒုတိယတောင်ဘက် $\frac{၁}{၄}$ (2nd S $\frac{1}{4}$ of II - 22) ၂၅ပေ x၆၀ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်–၂၄၃/၂၄၉ ဟုခေါ်တွင်သော အဆောက်အအုံ (အခန်းအလွတ်မပါ)၏ အကျိုးခံစားခွင့်အဝဝကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ခင်ကြည် [၁၂/ကမတ(နိုင်)၀၄၀၂၆၉]နှင့် ဒေါ်စောရီတို့ထံမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၁၅)ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ညွှန်ကြားချက်အရ–
ဦးစိုင်းထွန်းအေး
B.A,M.A (Philo),
H.G.P.R.L
တရားရုံးချုပ်ရှေ့နေ
အမှတ်–၁၀၃(ပ–ထပ်)၊
(၉၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း–၂၄၂၂၁၄။

ပိန်းပန်းမျိုးစုံရမည်

ပိန်းပန်းမျိုးကောင်းအရောင်စုံ၊ အပင်အရွယ်အစားမျိုးစုံ၊ အဖိုးနှုန်းချိုသာစွာဖြင့်ရမည်။ လီလီပန်းဥများရမည်။

အမှတ် (၃၁) ဖိုးစိန်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တာချီလိုးသွားမည်

MT&K Tourism Co.,Ltd.

အယူခံရန်ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်တို့ကြားသိစေသည့်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် –၄၁၊ နည်းဥပဒေ –၁၀)
စစ်ကိုင်းတိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၃၀

ဒေါ်သိန်းပို နှင့် ၁။ ဦးဝင်းမောင်
(၎င်း၏အထွေထွေကိုယ်စားလှယ် ၂။ ဒေါ်စောနန်း
စာရသူ ဒေါ်ခင်တင့်)

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် မုံရွာခရိုင် တရားရုံးမှ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

ဒေါ်စောနန်း၊ အောင်ရိုးရာခေါင်ရည်၊ ကျော်ကီရက်ကန်းရုံအနီး၊ ရတနာပုံရပ်၊ မုံရွာမြို့။ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှု စစ်မုံရွာမြို့ ခရိုင်တရားရုံးက ချမှတ်ပေးခဲ့သည့်အမိန့်နှင့် ဒီကရီကို တရားလိုက အယူခံရာ ဤရုံးတော်တွင်မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအမှုကို ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် (၁၀)နာရီအချိန်တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ဤအမှုကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်–၄၁၊ နည်းဥပဒေ–၂၂အရ၊ ကန့်ကွက်လိုလျှင် အမိန့်–၄၁၊ နည်းဥပဒေ–၂၂အရ၊ ချိန်းဆိုထားသည့်အချိန်တွင် ဤကဲ့သို့ကန့်ကွက်လိုကြောင်း ဤရုံးတော်သို့ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင် (LL.B)
တွဲဖက်တိုင်းတရားသူကြီး
စစ်ကိုင်းတိုင်းတရားရုံး၊ (မုံရွာရုံးထိုင်)။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။**

အများသိစေရန် ကြေညာချက်

ကျွန်မ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေး[O/RGN–၀၀၄၇၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏မိတ်ဆွေသည် ရန်ကုန်မြို့၊ အမှတ်(၅)၊ အောင်ဇေယျလမ်း၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)ကံဘဲ့၊ မြေကွက်အမှတ်(၉၅/ခ) မြေအကျယ် ၂၀ပေ x၅၀ပေ(ဂရန်မြေကွက်)အား ဝယ်ယူရန် လက်ရှိပိုင်ရှင်များကို အရောင်းအဝယ်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်မည့် အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်သော မည်သူမဆို ကန့်ကွက်ချက် တစ်စုံတစ်ရာရှိပါက ယခုကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်နေ့အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေး၏လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်စမ်းစမ်း
တရားရုံးချုပ်ရှေ့နေ (၄၈၅၄)
အမှတ်(၁၇၃/၃၃)၊ ရွှေဂါထွန်းလမ်းသွယ်(၁)လမ်း၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဖုန်း–၇၂၁၃၇၃။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့ စမ်းချောင်း တရုတ်ကျောင်းလမ်း အမှတ်(၆၀)နေ ဦးမြဟန် ဦးတင်ဝင်းတို့၏ဖခင် ဦးထွန်းကြည်(MPPE) ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၉ခုနှစ် မော်လမြိုင်ကောလိပ်သတ္တဗေဒမှ ချစ်သူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးမြင့် (၅၇)နှစ်

ဦးမျိုးမြင့်(ဂိုဒေါင်မှူး–ဒုလုပ်သား–သာကေတဆိပ်ခံတံတား)သည် ၃–၁–၂၀၀၄ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးဟန်မြတ်မော်၊ အသက်(၅၆)နှစ်
မြန်မာ့ရုပ်မြင်သံကြားဦးစီးအရာရှိ(ငြိမ်း)

ဦးဟန်ဇော်(အင်ဂျင်နီယာချုပ် (တံတား)–ဒေါ်သွင်သွင်အေးမို အင်ဂျင်နီယာမှူး (ဗိသုကာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏ ညီ ဦးဟန်မြတ်မော်သည် ၅–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သံလွင်တံတားစီမံကိန်း(မော်လမြိုင်ဘက်ကမ်း အင်ဂျင်နီယာများ)နှင့် ဝန်ထမ်းမိသားစု။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်ဖိုးမြင့်ထွန်း[၁၂/အလန(နိုင်)၀၀၀၅၆၆]သည် မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့်သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။

မိဘများ–
ဦးထွန်းထွန်း–ဒေါ်မြင့်မြင့်စန်း။

ဝမ်းနည်းကြေကွဲခြင်း

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရွှေဝင်း၏ ဇနီး သားသမီးများဖြစ်သော ဒေါ်နိုင်နိုင်အေး၊ မောင်လှမိုးနိုင်၊ မထက်ထက်စင်ဖွေးတို့သည် (၁–၁–၂၀၀၄)နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကရင်ပြည်နယ်။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဟိန်း(၃၅)နှစ်
(သင်္ဘောသား–၂)စီဒီစီ ၅၃၇၆၈

မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ ဦးကျော်ဟိန်း သင်္ဘောသား(၂) စီဒီစီ ၅၃၇၆၈ သည် ၄–၁–၂၀၀၄ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဝန်ထမ်းမိသားစု။**

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ အောင်ဇေယျ လမ်းသွယ် အမှတ်(၂၇/ဘီ)နေ ဘုရားဒါယကာ မင်္ဂလာဒုံဗိုလ်သင်တန်း ဒုတိယ အပတ်စဉ်၊ လွတ်လပ်ရေး မော်ကွန်းဝင်ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)၊ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်ကြီး၏ ဈာပနကိစ္စတွင် လိုလေသေးမရှိအောင် မေတ္တာရှေ့ထား၍ ဝိုင်းဝန်းကူညီပြီး နှစ်သိမ့်အားပေးစကား ချီးမြှင့်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီး၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊ စာရင်းစစ်ချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီး၊ ဝန်ကြီးဌာန အသီးသီးမှဌာန အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ အငြိမ်းစား အရာရှိအရာထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၊ မြန်မာ့ရုပ်မြင်သံကြားဦးစီးဌာန (MRTV-3)၊ ကျောင်းအသီးသီးမှ ဆရာ ဆရာမများ၊ အသင်းအဖွဲ့များ၊ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများနှင့် လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း၊ ပန်းစည်းပေးပို့ကြသူများအားလည်းကောင်း၊ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမှု ခံစားကြသောရပ်ဝေးရပ်နီးမှ သတင်းမေးကြသူများ၊ ကိုယ်တိုင်ကိုယ်ကျ စိတ်ရော ကိုယ်ပါ လိုက်ပါကူညီပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ [၉–၁–၂၀၀၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်တရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ဦးတင်သိန်း (၈၂)နှစ်

တောအုပ်အငြိမ်းစာ(သစ်တော)

ရေတာရှည်မြို့

ရေတာရှည်မြို့နေ(ဦးမောင်ငယ်–ဒေါ်စိမ်မြ)တို့၏သား၊ (ဦးမောင်ကို)–ဒေါ်ချစ်တို့၏ညီ၊ ဦးမောင်မောင်ကြည်–ဒေါ်လှမြင့်တို့၏ အစ်ကို၊ဒေါ်တင်မြ၏ ခင်ပွန်း၊ဦးအောင်ဌေးဦး(ဦးစီးမှူး၊ငါးလုပ်ငန်း)–ဒေါ်မူမူ၊ဦးအောင်ဌေးလင်း–ဒေါ်ခင်နု၊ ဦးအောင်ဌေးဝင်း–ဒေါ်မြင့်မြင့်ဦး၊ ဦးစိုးနိုင်–ဒေါ်ခင်ဌေးဝင်း(မြို့နယ်တရားသူကြီး ဒေးဒရဲ)၊ဦးအောင်ဌေးမင်း(အကောက်ခွန်မှူး)–ဒေါ်စိမ်းလဲ့ထွန်းတို့၏ ဖခင်၊ မြေး ၁၂ယောက်တို့၏ အဘိုး ဦးတင်သိန်းသည် ၇–၁–၂၀၀၄ရက် ၁၁:၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့်၉–၁–၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (F-5စိမ်းလဲ့ရိပ်သာတက္ကသိုလ်ရိပ်သာလမ်းသစ် နေအိမ်မှ ကားများညနေ ၃:၃၀နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှဝင်း(၆၆)နှစ်

မန်နေဂျာ(ငြိမ်း)ကုန်သွယ်/လယ်ယာ

(လက်ပံတန်း)

လက်ပံတန်းမြို့နယ်၊ကညင်တကိုင်းကျေးရွာနေ(ဦးဖျံဝါး–ဒေါ်ချစ်) တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးထွန်းညွန့်–ဒေါ်ရီရီစိန်) တို့၏သားသမက်၊ လက်ပံတန်းမြို့နယ်၊ ကညင်တကိုင်းကျေးရွာနေ ဦးဘိုးလှော်–ဒေါ်စိန်သန်း၊ ဦးပု(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)–ဒေါ်ငြိမ်းမြင့်၊ ဒေါ်ခင်ရီတို့၏ ညီ/မောင်၊ ဦးလှမင်း–ဒေါ်တင်အုံတို့၏ အစ်ကို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊မန္တလေးလမ်း၊အမှတ်(၅၃)(၆–က)နေ ဒေါ်ခင်ညွန့်သိန်း၏ ခင်ပွန်း၊ ဒေါက်တာကံဌေး(ဒု–ဦးစီးမှူး၊တိ/ကုဦးစီးဌာန၊လက်ပံတန်း)–ဒေါ်စိုးစိုးဝင်း (အထက–၂၊လက်ပံတန်း)၊ ဗိုလ်မှူးနိုင်ဝင်း(ငြိမ်း)(ဒု–ညွှန်မှူး၊စည်ပင် သာယာရေးဦးစီးဌာန)–ဒေါ်ဥမ္မာဝင်း၊ Captain ကောင်းစံ (Monsoon Maritime Services Pte.,Ltd)–ဒေါ်မေခိုင်ဝင်း(လ/ထညွှန်မှူး၊ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)၊ ဒေါ်မိုးမိုးဝင်း (မြန်မာ့စီးပွားရေးဘဏ်ခွဲ–၅)၊ ဗိုလ်ကြီးမျိုးဝင်း(တပ်မတော်ဆေးတက္ကသိုလ်)–ဒေါ်တင်တင်နွဲ့၊ ဦးကြည်မြင့် (လ/ထမန်နေဂျာ၊မြေအသုံးချရေးဌာန၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း)–ဒေါ်ခင်ပပဝင်း (လ/ထကြီးကြပ်ရေးမှူး – မျိုးစေ့ဌာနခွဲ၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဦးကျော်စွာဝင်း (Victoria Shipping Co.,Ltd)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခြောက်ယောက်၏ ဘိုးဘိုးသည် ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက်၃:၃၀နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၉–၁–၂၀၀၄(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စောရွှေ(၈၂)နှစ်

(ပုသိမ်)

ပုသိမ်မြို့၊ခြံအမှတ်(၂၁)၊ ထောင်ကုန်းလမ်းနေ (ဦးအေးကြည်)၏ ဇနီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်ဝိုင်းရပ်ကွက်၊ အမှတ်(၅)၊ မဟာဗောဓိလမ်းနေဦးအောင်ကျော်စိုး ဒေါ်မာမာအေး(စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး) တို့၏ ကျေးဇူးရှင်မိခင်၊ မစုထက်ဖြိုး၊ မဝင်းထက်သူ၊ မဥမ္မာစန်းတို့၏ အဘွားသည် ၇–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၁–၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစိန်မျိုးဝင်း(ဒိုးဒီ)

အသက်(၃၆)နှစ်

B.A. (Myanmar)
M.DIV

ရန်ကုန်မြို့၊ မြေနီကုန်းတောင်၊ ဦးဝိစာရလမ်းသွယ်၊ တိုက်(၁၀၄/၇)နေ (ဦးဘအေးဝင်း) – ဒေါ်အက်စတာစံလိုင်တို့၏သားကြီး၊ (ဦးမောင်လှ)–ဒေါ်စနီးခြွေ့ဇံတို့၏ သားသမက်၊ ကိုလှိုင်မျိုးဝင်း–မနေနေနွေး၊ ကိုခိုင်မျိုးဝင်း–မတင်နွယ်ဝင်း၊ ကိုရန်နိုင်ဝင်း–မစန္ဒာ၊ ကိုနေမျိုးဝင်းတို့၏အစ်ကိုကြီး၊ အမှတ်(၁၃/က)၊ ဗိုးအုံကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်နေ မနော်ဂရေ့စ်ပန်းပန်းလှ၏ ချစ်လှစွာသောခင်ပွန်း၊ နော်ပန်းအိန္ဒြာဝင်း၊ စောဂျေ့ဂူဝါဝင်းတို့၏ချစ်လှစွာသောဖခင်သည် ၆–၁–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၈–၁–၂၀၀၄(ကြာသပတေးနေ့) နံနက်၉နာရီတွင် အင်းစိန် ကျမ်းစာကျောင်းကုန်းရှိ ဖူးသာဖြူခန်းမဆောင်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုရန်အောင်လင်း

အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ ၁၈/B နေ ဦးစိန်တင်–ဒေါ်သန်းသန်းအေးတို့၏သား၊တာမွေမြို့နယ်ပျားရည်ကုန်းရပ်ကွက် အမှတ်(၁၀၆)၊ ကျိုက္ကဆံလမ်းနေ ဦးဝင်းစိန်–ဒေါ်ကျင်နုတို့၏ သားသမက်၊ မခင်စန်းအေး–ကိုချမ်းအေးတို့၏ မောင်၊ မောင်အောင်ရန်ရှင်း၊ မသင်းသင်းကြည်တို့၏အစ်ကို၊မခင်ဆုဇင်သန့်၏ ဖခင်၊ မခင်မျိုးခိုင်၏ ချစ်လှစွာသောခင်ပွန်းသည်၇–၁–၂၀၀၄ရက် နံနက်၁:၃၀နာရီတွင်UHCဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၉–၁–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မစုမြတ်စန္ဒီဇော်(ခ)ထက်ထက်

အသက်(၁၇)နှစ်

အင်္ဂလိပ်စာ(ပထမနှစ်)

ဒဂုံတက္ကသိုလ်

နန့်စန်းမြို့(၂)ရပ်ကွက်နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၅၁)၄လွှာ(ဝဲ)နေ ဦးဇော်မြင့် (လဝက)–ဒေါ်အေးအေးနွယ်တို့၏သမီးကြီး၊မစုမြတ်သရဖီဇော်၏ အစ်မ၊ ဦးသန်းထွန်း–ဒေါ်ခင်အေးမူ၊ ဦးဇော်မင်း–ဒေါ်ဝေဝေ၊ မောင်အောင်နိုင်ဦး၊မောင်ကျော်ကျော်နိုင်၊ မစိုးစိုးတို့၏ တူမသည် ၅–၁–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၈–၁–၂၀၀၄ရက်မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်၍ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများမွန်းလွဲ၁နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးတင်လှ(ငြိမ်း)

အသက်(၆၅)နှစ်

ဗိုလ်သင်တန်းအပတ်စဉ်(၃၁)

ကြို့ပင်ကောက်မြို့နေ (ဦးအောင်ညွန့်–ဒေါ်သိန်းခင်)တို့၏သား၊ ထန်းတပင်မြို့နေ(ဦးဟိန်–ဒေါ်လှိုင်)တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၉/၂၇၄)၊ မင်းလမ်း၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်တင်မိမိလှိုင်၏ ချစ်လှစွာသော ကျေးဇူးရှင်ခင်ပွန်း၊ ဗိုလ်ကြီးတင်မိုးလှိုင်၊ ဒုတိယဗိုလ်မှူးကြီးသန်းကျော်ထူး–ဒေါ်သက်ထားတင်၊ ကိုတင်မိုးကျော်၊ ဗိုလ်ကြီးတင်ဇော်နိုင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မောင်ဉာဏ်ထူးသက်၏အဘိုးဒုတိယဗိုလ်မှူးကြီး တင်လှ(ငြိမ်း)သည် ၇–၁–၂၀၀၄ရက် ညနေ၅နာရီတွင်ကွယ်လွန်ပါ၍ ၉–၁–၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃–၁–၂၀၀၄(အင်္ဂါနေ့)နံနက်၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးတင်လှ (ငြိမ်း)

ဗိုလ်သင်တန်းအပတ်စဉ် (၃၁)

အသက် (၆၅)နှစ်

ကြို့ပင်ကောက်မြို့နေ(ဦးအောင်ညွန့်–ဒေါ်သိန်းခင်)တို့၏သား၊ဗိုလ်မှူးသန်းရွှေ(ငြိမ်း)–ဒေါ်တင်စန်းရီတို့၏ညီ၊ ဗိုလ်ကြီးလှရွှေ(ငြိမ်း)–ဒေါ်ယဉ်နွဲ့၊ ဦးမြင့်ဆွေ–ဒေါ်ယဉ်နု၊ ဒေါက်တာရဲညွန့်–ဒေါ်စိုးစန်း၊ ဦးအေးသိန်း(ဌာနခွဲမှူး၊ ပညာရေးဝန်ကြီးဌာန)–ဒေါ်ကျော့ကျော့၊ ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကို ဒုတိယဗိုလ်မှူးကြီးတင်လှ (ငြိမ်း)သည် ၇–၁–၂၀၀၄ရက် ညနေ ၅နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၉–၁–၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်စန်း (၄၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အောင်မင်္ဂလာ(၂)၊လမ်းသွယ်(၅)နေ (ဦးကုလားကြီး–ဒေါ်နှင်းလှ)တို့၏ စတုတ္ထသမီး၊ဦးဘိုကြိုင်–ဒေါ်သိန်းတို့၏ချွေးမ၊ ဦးမြင့်စိန်(ပရိဘောဂလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်လှိုင်)–ဒေါ်လှိုင်ရီ၊ ဦးကျော်တင့်–ဒေါ်ထားရီ၊ ပုဂံညောင်ဦးမြို့၊သက်တော်ရှည်ကျောင်းတိုက်ဆရာတော်ဦးကုဏ္ဍလ၏နှမ၊ ဒေါ်လှသာ (JAT၊ အထက–၁၊ မော်ဘီ)၏ ညီမ၊ ဒေါ်တင်တင်ဌေး(SAT၊ အထက–၁၊ စမ်းချောင်း)၏ အစ်မ၊ မောင်ထွဋ်ဝဏ္ဏ ထွန်း(2nd Yr. Physics)၊ မငုဝါဝါထွန်း၊ မမိုးမိုးယုဇနထွန်း၊ မချယ်ရီအေးမြမြထွန်း(3nd Yr. Computer University)၊ မသဇင်စုမြတ်စန္ဒီထွန်း (IX-B၊ အထက–၄၊လှိုင်)တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ တူ၊ တူမ ၁၆ယောက်တို့၏အဒေါ်သည် ၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၁–၂၀၀၄ရက်မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ

ဦးသိန်းညိုလွင်(၄၁)နှစ်

အကောက်ခွန်မှူး

မန္တလေးမြို့နေ (အငြိမ်းစားတိုင်းမင်းကြီး ဦးကြည်လွင်)–ဒေါ်ညိုညိုဝင်းတို့၏ သား၊ ရန်ကုန်မြို့နေ (ရောဂါရှာဖွေရေးဆရာဝန်ကြီး ဦးခင်မောင်ရင်)–ဒေါ်ခင်ခင်ညွန့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၅၇)၊ တိုက်(A)ဒုတိယထပ်နေ ဒေါ်မူယာ၏ ချစ်လှစွာရသော ခင်ပွန်း၊ မောင်ကောင်းပြည့်စုံ(စတုတ္ထတန်း–C၊ T.T.C)၊ မောင်ဘုန်းလင်္ကျာသိန်း(ပထမတန်း–B၊ T.T.C)တို့၏ ဖခင်၊ ဦးတင်ညိုလွင်၊ ဒေါ်နီနီဦးတို့၏ ညီ၊ ဦးမင်းညိုလွင်၏ အစ်ကို ဦးသိန်းညိုလွင်သည် ၆–၁–၂၀၀၄ရက် နံနက်တွင် ရန်ကုန်ဆေးရုံကြီး အသည်းရောဂါအထူးကုဌာန၌ ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pu William Ngun Kung

(Tlangpi)

အသက်(၅၈)နှစ်

ပြည်သူ့ရဲတပ်ဖွဲ့၊ စာရေးကြီး(ငြိမ်း)

ထန်တလန်မြို့နယ် Tlangpi ရွာနေ (Pu Sa Tlun)နှင့် (Pi Su Cuai)တို့၏ သား၊ Pi Bil Par, Pu Chan Hmung, (Pu Mang Hrem), Pu J. Thla To တို့၏ ညီ/မောင်၊ (Pu Hram Tlai), Pu Hniang Khar, Pi Ni Zing, Pi Fam Hliang တို့၏ အစ်ကို၊ Dr, Mang Awi-Pi Zo Ram Khumiတို့၏ အစ်ကို၊ Pa Ceu Tu, Nu Ngun Hnem, Pa Bawi Kam, Nu Hoi Cer, Pa Chan Thawng Hu နှင့် Pa lian Er တို့၏ မွေးသဖခင်၊ Pi Ni Men ၏ ချစ်လှစွာသောခင်ပွန်း Pu William Ngun Kungသည် ၅–၁–၂၀၀၄ (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၉–၁–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်ခရစ်ယာန်သင်္ချိုင်း၌ မစ္ဆာယဇ်ပူဇော်ပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကားများကို ဒဂုံမြောက်ပိုင်း၊ ၄၆ မှတ်တိုင်မှ မန္တလေးမှတ်တိုင်တွင် ဝင်ကြိုမည်။ လှိုင်မြို့နယ်၊ လှိုင်သီရိအိမ်ရာ၊ အင်းစိန်BOCမှတ်တိုင်နှင့် မြေနီကုန်း ဖာတီမာဘုရားကျောင်းတို့မှ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မနီလာအောင်ခင်(၄၅)နှစ်

အလပြ (ငြိမ်း)

အထက(၄)တောင်ညွန့်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ်(၄၉)နေ ဦးအောင်ခင်–ဒေါ်သန်းသန်းအေးတို့၏ သမီးကြီး၊ ကိုဝင်းထွဋ်အောင်ခင်(ပေါက်ပေါက်)၊ ကိုကျော်လင်းထွဋ်အောင်ခင်တို့၏ အစ်မ၊ မောင်ပြည့်ဖြိုးနိုင်၊ မောင်ကောင်းမြတ်သူတို့၏ဒေါ်ကြီးသည် ၇–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍၉–၁–၂၀၀၄ရက်နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးညီတင်

အသက်(၆၉) နှစ်

တောင်ကုတ်မြို့

ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ရန်ရှင်းတိုက်ခန်း တိုက်(၃)၊ အခန်း (၂၃)နေ (ဦးရောင်နီ–ဒေါ်မကွန်) တို့၏သား၊ဒေါ်မြမြစန်း၏ခင်ပွန်း၊ကိုညန်းရွှေ–မမိမိခိုင်၊ မနီလာခိုင်၊ ကိုမိုးဆွေတင့်–မသန္တာခိုင်နှင့် မောင်သျှားကိုကို–မခိုင်ယဉ်မွန်တို့၏ ဖခင် ဦးညီတင်သည် ၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄ရက်တွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။ အသင်းသူ၊အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့။

မနန်းစုလှိုင်အေး

အသက် (၂၃)နှစ်

ရက္ခဗေဒ(တတိယနှစ်)

(အဝေးသင်တက္ကသိုလ်–သန်လျင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၅၁)၊ (၄–လွှာ၊ ဝဲ) နေ ဦးသန်းထွန်း (ဒု–အကောက်ခွန်မှူး)–ဒေါ်ခင်အေးမူတို့၏ သမီး၊ ကိုစိုင်းလင်း–မဖြူဖြူဝင်း၊မနန်းခက်နွယ်ထွန်း၊ ဗိုလ်စိုင်းသော်စိုးတို့၏ ညီမ၊ မနန်းအိငယ်ထွန်း၊ မနန်းအေးအေးအောင်ထွန်းတို့၏ အစ်မ၊ မလင်းရွှေရည်ဝင်း၊ မဖူးပွင့်ရွှေရည်ဦးတို့၏ အဒေါ်၊ ဦးဇော်မြင့်(လဝက)–ဒေါ်အေးအေးနွယ်၊ ဦးဇော်မင်း–ဒေါ်ဝေဝေ၊ ဦးဇော်လင်း–မမော်မော်အောင်တို့၏ တူမသည် ၆–၁–၂၀၀၄ရက် နံနက်၃:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်၍ ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှစိန် (၉၂)နှစ်

(မြို့နယ်တရားသူကြီး၊ ငြိမ်း)

(ပိုင်ကျုံကြီး)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ပိုင်ကျုံကြီးနေ (ဦးနု–ဒေါ်နှင်းပွင့်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၃၀၄)၊ ရန်ကင်းစင်တာ (Y.C.D.C)နေ ဒေါ်ကျင်စိန်၏ ခင်ပွန်း၊ (ဦးသန်းထွဋ်)–ဒေါ်ယဉ်စန်း၊ အရာဏ်ဦးကျော်မြင့်–ဒေါ်အေးအေးသန်း၊ ဦးစိန်မြင့်– ဒေါ်ကြည်လေးနု(အလက–၄၊ ခွဲ၊ ရန်ကင်း)၊ ဦးရဲဝင်းအောင်–ဒေါ်ခင်ဌေးမူတို့၏ ဖခင်၊ ကိုဇော်(အရာဏ်ဦး)–မသီတာစိုး၊ (မောင်ဝင်းကျော်စိုး)၊ မောင်အောင်ဖြိုးဦး၊ မောင်သက်ဇေညီမ်း (ခေတ္တ–စင်ကာပူ)တို့၏ အဘိုး၊ ပွင့်သီဂီဇော်၊ ပွင့်မာလာသော်၊ သုနန္ဒာအောင်တို့၏ဘိုးဘိုးကြီး ဦးလှစိန်သည် သျှင်ပါကူ အထူးကုဆေးခန်း၌ ၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(ရန်ကင်းစင်တာ(Y.C.D.C)နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောထွန်းဘို (၉၁)နှစ်

ကုန်သွယ်ရေးဘောလုံးလက်ရွေးစင်

(ဟောင်း)

လှော်ကားအနောက်ကရင်စုရပ်ကွက်၊ လှော်ကား/ရွှေပြည်သာမြို့နယ်နေ (ဦးဘိုအေး–ဒေါ်သန်းညွန့်)တို့၏ သား၊ (ဒေါ်ထွေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဂရေစီ–(စောပလာခိုု)၊ (စောကွယ်–ဒေါ်စီစီလီယား)၊ ဒေါ်ဒေါရစ်ထွန်းဘို–ဦးချာလီခင်၊ စောစံနီ–ဒေါ်နဲနဲတို့၏ မွေးသဖခင်၊ မြေး၂၄ယောက်၊ မြစ်၂၈ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၆–၁–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၁–၂၀၀၄ (ကြာပတေးနေ့)တွင် လှော်ကားအသင်းတော် ဘုရားကျောင်း၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်စိန် (၇၁)နှစ်

တန့်ဆည်မြို့နယ်အသင်း

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ဖိုနှုတ်ကျေးရွာနေ (ဦးနုစ်ဦး)–ဒေါ်မြစိန်တို့၏ သမီးကြီး၊ ဦးလှအောင်–ဒေါ်ကြည်ဌေး၊ (ဦးမြင့်စိုး)–ဒေါ်ကြည်အေး၊ ဦးမြင့်ဆွေ(မြိုင်မြို့နယ်တရားသူကြီး)–ဒေါ်တင်တင်ကျွေ (ရန်ကုန်တက္ကသိုလ်) တို့၏ အစ်မ၊ ဦးမောင်ငွေ၏ ဇနီး ဒေါ်ကြည်စိန်သည် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပညာရေးဝန်ထမ်း၊ လေးထပ်တိုက်ခန်းအိမ်ရာ၊ တိုက်(၁၀)၊အခန်း(၃)၊ မြေညီထပ်နေအိမ်၌ ၆–၁–၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးသိန်းစိုး(အင်းစိန်)

အသက်(၄၈)နှစ်

အမှုဆောင်အရာရှိ(မြို့နယ်
စည်ပင်သာယာရေးရုံး၊ ချောင်းဆုံမြို့)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် (၅၀)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်နေ (ဦးရွှေမောင်)–ဒေါ်ခင်သိန်းတို့၏သားထွေး၊ ရွှေဘိုခရိုင်၊ခင်ဦးမြို့နယ်၊ သဝတ္တိနေ (ဦးလှဖေ–ဒေါ်သိန်း)တို့၏ သားသမက်၊ဒေါ်တင်မလေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးမြတ်စိုး၏ ဖခင်၊ ဦးအေးကို (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဌာနချုပ်ရုံး)–ဒေါ်ယဉ်ယဉ်မြ(ထ/၂၊အင်းစိန်)၊ ဒေါ်အေးမြင့် (ထ/၁၊အင်းစိန်)တို့၏ ညီ/မောင်၊ တူ၊တူမ ၁၉ယောက်တို့၏ ဦးလေးသည် ၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်၅၀၊လမ်းသစ်၊ အင်းစိန် နေအိမ်မှ ကားများမွန်းလွဲ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်ကြည် (၃၆)နှစ်

"အောင်"ပန့်ဆိုင်၊ လားရှိုးမြို့

ရန်ကုန်မြို့၊ ဆ/၆၄ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဦးစိန်အောင်–ဒေါ်တင်ကြည်(မန္တလေး"အောင်"ပန့်ဆိုင်) တို့၏ သား၊ မစန်းစန်းဝင်း၏မောင်၊ ကိုအောင်လှိုင်၊ ကိုအောင်လွင်၊ မောင်မင်းလွင်ဦးတို့၏ အစ်ကို၊ လားရှိုးမြို့၊(၁၂) ရပ်ကွက်၊ နယ်မြေ(၁၈)၊ အမှတ် (၂၂၁) နေ မချိုမာ၏ ခင်ပွန်း၊ မမျိုးသန္တာဦး၊ မအိမွန်ကျော်တို့၏ ဖခင်သည် ၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄(ကြာသပတေးနေ့)တွင် လားရှိုးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးစံမြ(၉၃)နှစ်

(စစ်ကွင်းမြို့)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ဌေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၂၇)၊ မြေညီ(ယာ)အခန်းနေ (ဦးစ–ဒေါ်သဲနု)တို့၏ သားကြီး၊ (ဒေါ်ကြည်)၏ ခင်ပွန်း၊ ဦးစိုးမြင့်–ဒေါ်ရင်ကြည်၊ ဦးမောင်မောင်ကြင်–ဒေါ်စန်းရီ၊ ဦးခင်မောင်ဇော်–ဒေါ်ရင်ကြူ၊ ဦးချစ်ခင် – ဒေါ်ညွန့်ညွန့်သိန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဦးခင်ဝေ–ဒေါ်ရီရီနွဲ့၊ ဦးဆန်နီ၊ ဒေါ်အေးအေးမာ၊ ဒေါ်ချိုတေး၊ ဦးအောင်ဇန်း၊ ဦးစိုးဝင်း မောင်–ဒေါ်သန္တာကြင်၊ ဦးဇော်ဝင်း–ဒေါ်ခိုင်မာကြင်၊ ဒေါ်သီတာကြင်၊ မခင်ယုဇနဇော်၊ မောင်စည်သူချစ်ခင်၊ မောင်သုရိန်ချစ်ခင်၊ မောင်မင်းသူရ ချစ်ခင်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ် ၁၄ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၆–၁–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်ပါသဖြင့် ၈–၁–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမကြီး

ဒေါ်ဝမ်ကြည်(၈၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၃၃)၊ လိပ်ကန်လမ်းနေ(ဦးကျင်ရှန်–ဒေါ်စောညွန့်)တို့၏ သမီး၊ ဦးဟန်စိန်(နဂါးနီဆန်စက်)၏ ဇနီး၊ (ဦးစောသိန်း)–ဒေါ်စီစီစိန်၊ ဦးကြူလွင်–ဒေါ်ရီရီ၊ ဦးမောင်မောင်–ဒေါ်ခင်စုစု၊ ဒေါ်နီနီစိန်၊ ဦးအေးမြင့်–ဒေါ်တီတီစိန်၊ ဦးညီလွင်–ဒေါ်မြင့်မြင့်အေး၊ ဦးမြင့်အောင်၊ ဦးသိန်းဇော်–ဒေါ်မိုးသက်ခိုင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားသည် ၇–၁–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအုန်းလွင် (၅၉)နှစ်

ဦးစီးအရာရှိ(လေကြောင်းထိန်း)

A.T.C.O(1) (ရန်ကုန်လေဆိပ်)

ရန်ကုန်မြို့၊ အမှတ်(၃၄၈)၊ ဗိုလ်မင်းရောင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ(ဦးကိုကိုကြီး)–ဒေါ်တင်စိန်တို့၏သား၊(ဦးဆင့်–ဒေါ်အမာ) တို့၏ သားသမက်၊ ဒေါ်ခင်ပြုံးဆင့်၏ခင်ပွန်း၊ မောင်ဇင်ကိုလွင် [F-PII(IM2)]၏ဖခင်၊ ဦးထွန်းဝေ–ဒေါ်သင်းသင်းဝေ၊ (ဦးမောင်မောင်)–ဒေါ်ခင်တီတီ၊ ဦးထိန်ဝင်း–ဒေါ်ရီရီဆင့်၊ ဦးမောင်မောင်လေး–ဒေါ်တင်မေဦး၊ (ဦးမောင်မောင်ကျော်)–ဒေါ်ခင်မကြီး၊ ဦးအောင်ကျော်လေး–ဒေါ်ခင်မာညွန့်၊ (ဦးမောင်မောင်ဝင်း)၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆွေဦး(တပ်မတော်လေ)–ဒေါ်မာလာဆင့်တို့၏ အစ်ကို/မောင်သည် ၆–၁–၂၀၀၄ (အင်္ဂါနေ့) ညနေ ၆:၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်ဆွာလေ(ခ)

ဦးသာထွန်းအောင်

အသက်(၃၈)နှစ်

စီမံအဆင့်(၁)၊ ထွေ/အုပ်(ရုံးချုပ်)

ကျောက်ဆည်မြို့နေ (ဦးလှမောင်–ဒေါ်ခင်ကြည်)နှင့် ရန်ကင်းမြို့နေ (ဦးအောင်ကြီး–ဒေါ်ခင်မြင့်)တို့၏မြေးဦး၊ ရန်ကင်းမြို့၊ တိုက်အမှတ်(၂၁၄)၊ အခန်း (၆)နေ (ဦးစိုးမြင့်၊ Ro) – ဒေါ်ညိုညိုခင် (ထွေ/အုပ်–ရုံးချုပ်)တို့၏ သား၊ ဒေါ်မိုးမိုးစိုး(စက်မှု–၁) – ဦးမျိုးမြင့်အောင် (East Wind)၊ ဦးမျိုးမြင့်အောင်၊ ဦးမျိုးကျော်အောင်တို့၏ အစ်ကိုကြီး၊ ဦးမြတ်ကျော်(ဦးစီး၊ ထွေ/အုပ်)၊ ဒေါ်ခင်ခင်စု၊ ဦးမြတ်ဇော်၊ ဒေါ်စန်းစန်းအောင်၊ ဦးထွန်းလင်းအောင်–ဒေါ်သီဂီတို့၏ တူသည် ၇–၁–၂၀၀၄ရက် နံနက် ၁နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးကာဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြီးကြီး

(SYLVIA)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၂/၂၄)၊ဗိုလ်တထောင်လမ်းသွယ်၊ (၂)လမ်းနေ (ဦးချိန်–ဒေါ်လွမ်)၊ (ဦးစံညွန့်–ဒေါ်လှိုင်)တို့၏ သမီး၊ (ဦးဖိုးဝန်)၏ဇနီး၊ Prof - OG. Dr.ဒေါ်စန်းသီ (Apple)၊ ဦးလှဝင်း (Russell)–ဒေါ်စန်းစန်းဝင်းတို့၏ မွေးသမိခင်၊ ကိုဝေလင်း၊ မခင်သော်တာ၊ (မစုစုလင်း)၊ မအေးအေးခိုင် (Final Part II I.M.1)၊ မဆုယဉ်ဝင်းတို့၏ အဘွားသည် ၆–၁–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၈–၁–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၈:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်း ဒါယကာကြီး

ဦးတင့်အောင်

B.A ဝိဇ္ဇာ

အသက် (၆၇)နှစ်

(ပြည်သူ့ကုန်တိုက် မန်နေဂျာ၊ငြိမ်း)

ပုဂံစင်ထရယ် ဟိုတယ်နှင့်

အိုကီနာဝါ စားသောက်ဆိုင်

(ချောက်မြို့)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၂)လမ်း၊ အမှတ်(၇၄)နေ (ဦးဘသောင်း–ဒေါ်ကျင်မေ)တို့၏ သား၊ (ဦးရွှေဒင်္ဂါး)–ဒေါ်ကျင်တီတို့၏ သားသမက်၊ ဒေါ်ချိုအိအောင်၏ ခင်ပွန်း၊ မောင်နေဝင်းအောင်၏ ချစ်လှစွာသော ဖခင်၊ ဦးလှမြင့် (တိုင်းပညာရေးမှူး–ငြိမ်း)၊ ဦးအေးလွင် (မြန်မာ့ရေနံမင်းဘူး)၊ ဒေါ်ညိုတို့၏ မောင်၊ ဒေါ်ခင်စန်း (အထကပြ၊ငြိမ်း၊ချောက်မြို့)၊ ဒေါ်ကြည်ကြည်ဆွေ (ဆက်သွယ်ရေး၊ငြိမ်း)၊ ဦးစိုးသန်း (မြန်မာ့ရေနံ၊ငြိမ်း)တို့၏ အစ်ကိုနှင့် ရန်ကုန်မြို့နေဦးတန်မန်ကင်း၊ ဦးတန်ဘန်လစ်၊ ဒေါ်ဆွေဆွေမွန်၊ ဦးအောင်ထွန်း၊ ဒေါ်ဖြူဖြူသွင် (အောင်သပြေဖယောင်းပုဆိုးကော်ဇောကုမ္ပဏီမိသားစု) တို့၏ အစ်ကို ဦးတင့်အောင်သည် ၇–၁–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၉–၁–၂၀၀၄ (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင် သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက်၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းညိုလွင်(ခ)ကိုတူး

(အကောက်ခွန်မှူး)

အသက်(၄၁)နှစ်

မန္တလေးမြို့၊ ၁၄လမ်း၊ညိုလွင်ရိပ်သာနေ အငြိမ်းစားတိုင်းမင်းကြီး (ဦးကြည်လွင်)–ဒေါ်ညိုညိုဝင်းတို့၏ သားလတ်၊ ဦးတင်ညိုလွင်–ဒေါ်နီနီဦး(အကောက်ခွန်၊ မန္တလေး)၏ ညီ၊ ကိုမင်းညိုလွင် (မြန်မာတိုကီဝါ ကော်ပိုရေးရှင်း၊ မန္တလေးမြို့)၏အစ်ကို၊ဦးစိန်ဝင်း(ရဲမှူးကြီး၊အငြိမ်းစား)–ဒေါ်ကော့မိုင်၊ ဦးကျော်မြင့်(လ/ထ မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်၊ ရန်ကုန်မြို့) – ဒေါ်ခင်အေးမြင့် တို့၏တူ၊ ကိုအောင်ဇော်ဝင်း(ယုဝတီ နိုင်ငံခြား စက္ကူရောင်းဝယ်ရေး)၊ ကိုမင်းဇော်ဝင်း–မစုစုထွေး၊(မယုယုခိုင်)၊ ကိုကျော်ကျော်ဦး၊ မခင်စန္ဒာ၊ မစုစုစံတို့၏ အစ်ကို၊ မဟေမာညိုလွင်၊ မရူပါညိုလွင်၊ မောင်ကြည်ခန့်ညိုလွင်တို့၏ ဦးလေး၊ ဒေါ်မူယာ၏ခင်ပွန်း၊ မောင်ကောင်းပြည့်စုံ၊ မောင်ဘုန်းလင်္ကျာသိန်းတို့၏ ဖ ခင်သည် ၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၁–၂၀၀၄ရက်ညနေ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု(မန္တလေး)။

ကိုဇော်မင်းစိုး (၃၅)နှစ်

CDC-35813

Wiper (F.G)

(ဈေးကလေး)

ရန်ကုန်မြို့၊အမှတ်(၃၉)၊ ဈေးကလေး (၆)လမ်းအထက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမြင့်စိုး)–ဒေါ်ထွေးရီတို့၏ သား၊ ဒေါ်စိုးစိုးရည်(ဌာနမှူး၊ ရုရှားဘာသာဌာန၊ MUFL)၊ (ဦးဇော်ဟိန်း)–ဒေါ်ဌေးဌေးမြင့်၊ ဦးအောင်ဇော်မိုး(D/C)–ဒေါ်စန်းစန်းဝေ၊ဗိုလ်မှူးဇော်ဝင်းစိုး (လောက်ကိုင်)–ဒေါ်နန်းစိန်ဌေးတို့၏ ညီ/မောင်၊ မောင်အောင်မြတ်စိုး(D/C)တို့၏ အစ်ကိုသည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉–၁–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အမှာစကားပြောကြား

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း တော်လှန်ရေးပန်းခြံရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းများအောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**
- **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
- **ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

- **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး**
- **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
- **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**

သံလွင်သင်္ဘော ထွက်ခွာမည်

ရန်ကုန် ဇန်နဝါရီ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် သံလွင်သင်္ဘောခရီးစဉ် အမှတ်(၉၅)သည် ရန်ကုန်မှ မော်လမြိုင်၊ မြိတ်၊ ကော့သောင်း ဆိပ်ကမ်းမြို့များသို့ ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီခွဲတွင် ထွက်ခွာရန် စီစဉ်ထားသည်။

ရန်ကုန်မှ မော်လမြိုင်၊ မြိတ်၊ ကော့သောင်းခရီးစဉ်ဖြင့် လိုက်ပါလိုသည့် ခရီးသည်များသည် ခရီးသည်လက်မှတ်များကို ဇန်နဝါရီ ၈ရက်မှစ၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ရှုခင်းသာလမ်း သာကေတမြို့နယ်၌ စတင်ရောင်းချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၃၂၁၀၊ ၅၄၃၂၁၁၊ ၅၄၃၂၁၂၊ ၅၄၄၅၆၃ နှင့် ၅၄၄၅၇၁ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကမ္ဘာ့အကြီးဆုံး ဆန်စက်ကြီး

ရန်ကုန်မြို့ ခနောင်တိုချောင်းအနီးတွင် ၁၉၀၀ပြည့်နှစ်က တည်ဆောက်ခဲ့သော ဘားမားရိုက်စ်ကုမ္ပဏီပိုင် ဆန်စက်ကြီးမှာ ထိုကာလက ကမ္ဘာ့အကြီးဆုံး ဆန်စက်ကြီးဖြစ်ခဲ့ပြီး ၂၄နာရီတွင် စပါးတန်ချိန် ၁၅၀၀ ကြိတ်ခွဲနိုင်စွမ်းရှိခဲ့သည်။

ဓာတ်ပုံ-သန့်ဇင်ထွန်း

(ကြေးမုံ)

ကမ္ဘာ့ဆန်ဈေးကွက်တွင် မြန်မာ့ဆန် နေရာပြန်ရရှိရေးနှင့် ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပထမဆုံးအကြိမ် ခင်းကျင်းပြသမည့် မြန်မာ့ဆန်စက်ပြပွဲ

သတင်းဆောင်းပါး-ဌေးကြည်၊ ဓာတ်ပုံ-သန့်ဇင်ထွန်း

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာ့ဆန်စက်ပြပွဲ-၂၀၀၄ကို ဇန်နဝါရီ ၈ရက်မှ ၁၁ရက်ထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ကုန်သွယ်မှု ဗဟိုဌာနတွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ဆန်စက်လုပ်ငန်းရှင်များ ထုတ်လုပ်ထားသည့် ဆန်စက်များနှင့် ဆန်စက်အပိုပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ထို့ပြင် ဆန်စက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာများနှင့် ဆန်စက်အပိုပစ္စည်းထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ အဆင့်မြင့်ဆန်များနှင့် အရည်အသွေးမီဆန်များ ကြိတ်ခွဲတင်ပို့ရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ ဖွဲနုဆီထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပပညာရှင်များက စာတမ်းများဖတ်ကြားကြမည်ဖြစ်သည်။ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပသွားမည်ဟု သိရသည်။

ထို့ကြောင့် ကြေးမုံသတင်းအဖွဲ့သည် မြန်မာ့ဆန်စက်ပြပွဲအကြောင်း ပြည်သူများအား ပြည့်ပြည့်စုံစုံ တင်ပြနိုင်ရန်အတွက် ပြပွဲများကျင်းပရာ ကုန်သွယ်မှုဗဟိုဌာနသို့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

သတင်းဆောင်းပါး အညွှန်း

ဟောင်ကောင် အရေးသည် တရုတ်ပြည်၏ ပြည်တွင်းရေးသာ ဖြစ်သည့်အတွက် မည်သည့်ပုံစံမျိုးနှင့် ဝင်ရောက်စွက်ဖက်မှုကို မဆို တရုတ်ပြည်က ပြတ်ပြတ်သားသား ဆန့်ကျင်။

(နိုင်ငံတကာသတင်းများ၊ စာ-၃၄၅)

ပခုက္ကူမြို့သာမက ပခုက္ကူဒေသရှိ ကျေးလက်များပါမကျန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အလိုလိုပါဝင် တိုးတက်ပြောင်းလဲခဲ့ပါပြီ။

(တက္ကသိုလ်တင်ခ၏ ဆောင်းပါး၊ စာ-၆)